မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂ ရက်၊ ၂၀၀၇ ခုနှစ်၊ ဇွန် ၁၁ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၆)၊ အမှတ် (၂၄၉)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့သို့ ချစ်ကြည်ရေးခရီးထွက်ခွာသွားသော အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်

နေပြည်တော် ဇွန် ၁၀

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဇွန် ၅ ရက် နံနက် ၁၀ နာရီတွင် တရုတ်အမျိုးသား ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့သို့ ချစ်ကြည်ရေးခရီးထွက်ခွာသွားသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်သည်။ **(အောက်ပုံ)**

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်၊ တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကွမ်မုနှင့် သံရုံးအဖွဲ့ဝင်များက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

11-6 (01) 1 6/10/07, 3:10 PM

မြန်မာ့အလင်း
၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ ဇွန်လ ၁၁ ရက်)

သစ်တောသယံဇာတများ ရေရှည်တည်တံ့ရေး စနစ်တကျထိန်းသိမ်း အသုံးပြုဆောင်ရွက်

မျက်မှောက်ကာလတွင် သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုများကြောင့် သစ်တောပြုန်းတီးမှုများ ဖြစ်ပေါ်လျက်ရှိသည်။ သက်ရှိလောက တည်မြဲနေရန် သဘာဝသစ်တောများကို ထိန်းသိမ်းရသည်။ ကမ္ဘာကြီး သာယာလှပ စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်များ စဉ်ဆက်မပြတ် စိုက်ပျိုးသွားကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံ၌ သစ်တောနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ တစ်ချိန်က သဲကန္တာရဖြစ်လုနီးပါး အခြေအနေနှင့် ရင်ဆိုင်ခဲ့ရသည့် အလယ်ပိုင်းဒေသတွင် ကိုးခရိုင် စိမ်းလန်းစိုပြည်ရေးစီမံကိန်းကို ၁၉၉၄ခုနှစ်မှ စတင်အကောင်အထည် ဖော်ခဲ့သည်။ ထို့နောက် ၁၃ ခရိုင်အထိ ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့ဖော်ဆောင်ခဲ့ရာ မြန်မာနိုင်ငံ အလယ်ပိုင်းဒေသ၌ သစ်တောသစ်ပင်များဖြင့် စိမ်းလန်းစိုပြည်လျက်ရှိနေပြီ ဖြစ်သည်။

ဥတုရာသီ တောကိုမှီ၏ ဟူသည့် ဆောင်ပုဒ်နှင့်အညီ သစ်တောသစ်ပင်များ စိမ်းလန်းစိုပြည်စွာ ပေါက်ရောက်နေခြင်းသည် မိုးလေဝသနှင့် ရာသီဥတုအခြေအနေ ကောင်းမွန်မှန်ကန်စေရန် အထောက်အကူပြုလျက် ရှိသည်။

ထို့ကြောင့် ဒေသအလိုက် သစ်ပင်များစိုက်ပျိုးခြင်း၊ စိုက်ပျိုးပြီးသစ်ပင်များကို စနစ်တကျ ပြုပြင်ခြင်း၊ သစ်တောများ ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ သစ်တောအဆင့်အတန်းများ တိုးတက်ရှင်သန်လျက်ရှိသည်ကို တွေ့မြင်ရသည်။

သို့ဖြစ်ရာ သစ်တောရေးရာဝန်ကြီးဌာနနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများက ပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှု မရှိစေရေးအတွက် သစ်တောများကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရေး၊ သဘာဝတောတောင်များ စိမ်းလန်းစိုပြည်စေရေးနှင့် သစ်တောများ ပြုန်းတီးမှုမရှိစေရေးတို့အတွက် စနစ်တကျထိန်းသိမ်း အသုံးပြုသကဲ့သို့ ပြည်သူများကလည်း သစ်တောသစ်ပင်များကို ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြရမည် ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

ဖခင် ဦးအကီးအား ရည်စူး၍ ရန်ကုန်တိုင်း အင်းစိန် မြို့နယ် ဈေးကုန်း အနောက်ရပ်ကွက် ဘုန်းကြီးလမ်း အမှတ် ၇ နေ သားသမီးတစ်စုက မိခင်ကြီး ဒေါ်ကြင်ခ (၈၂)နှစ်ပြည့် မွေးနေ့အလှူအဖြစ် ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ငါးသိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ရန်ကုန်တိုင်း ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် ပိုစတာပြိုင်ပွဲ တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း တက်ရောက်ကြည့်ရှုအားပေး

ကျောင်းသား ကျောင်းသူ ၁၃၉ဦး ပါဝင်ယှဉ်ပြိုင်

ရန်ကုန် ဇွန် ၁၀

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ၂၀၀၇ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် ပိုစတာပြိုင်ပွဲကို ယမန်နေ့ နံနက် ၉နာရီမှ မွန်းလွဲ ၁နာရီအထိ ပြည်နယ်နှင့်တိုင်းများရှိ သတ်မှတ်ထားသော နေရာအသီးသီး၌ တစ်ပြိုင်တည်း ကျင်းပကြသည်။

ကြည့်ရှုအားပေး

ယင်းသို့ကျင်းပရာတွင် ရန်ကုန်အနောက်ပိုင်းခရိုင် လမ်းမတော်မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း စွမ်းအားခန်းမ၌ ကျင်းပသည့် ရန်ကုန်တိုင်း ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ပိုစတာပြိုင်ပွဲသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း တက်ရောက်ကြည့်ရှုအားပေးသည်။ **(ဝဲပုံ)**

တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ ဇနီးနှင့် တာဝန်ရှိသူများသည် ယမန်နေ့ နံနက်ပိုင်းက လမ်းမတော်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း စွမ်းအားခန်းမသို့ ရောက်ရှိလာကြပြီး **"မိခင်ဘဝကျန်းမာမှု လက်တွဲ ဖော်ပြုအမျိုးသားထု"** ခေါင်းစဉ်ဖြင့် အသက်ခြောက်နှစ်မှ ရှစ်နှစ်၊ အသက် ကိုးနှစ်မှ ၁၂ နှစ်၊ အသက် ၁၃ နှစ်မှ ၁၅ နှစ်၊ အသက် ၁၆ နှစ်မှ ၁၈ နှစ် အဆင့်များအလိုက် ပြိုင်ပွဲများယှဉ်ပြိုင်နေမှုကို လှည့်လည် ကြည့်ရှုအားပေးကြသည်။

ပါဝင်ယှဉ်ပြိုင်

အဆိုပါ ရန်ကုန်တိုင်း ပိုစတာပြိုင်ပွဲသို့ ကျောင်းသား ကျောင်းသူစုစုပေါင်း ၁၃၉ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြား အစီအစဉ်

၁၁–၆–၂၀၀၇
(တနင်္လာနေ့)

၇း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅	အဂ္ဂဏသုတ္တန်တရားတော် အရှင်စန္ဒသိရိ (အောင်စကြာဆရာတော်)
၈း၀၀	သဘာဝကပေးတဲ့ အကျိုးအာနိသင်
၈း၁၀	တေးဂီတအစီအစဉ်
၈း၁၅	ကောင်းကင်သစ်ရဲ့အနီး ပုံပိုးဖန်တီး နည်းပညာခရီး
၈း၃၅	တေးဂီတအစီအစဉ်
၈း၄၀	Fashion Guide
၉း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀	အရက်အန္တရာယ်(သိပ္ပံမှူးတင်)
၉း၄၀	တေးဂီတအစီအစဉ်
၉း၄၅	Yangon Panorama (Polastifima Five Painters Show)
၁၀း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၁၀	သစ်သီးဝလံပေါပြည့်ဝေဆာတို့မြေမှာ (နှင်းသီး)
၁၀း၃၅	တေးဂီတအစီအစဉ်
၁၀း၄၀	မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏ ကာကွယ်ကယ်ဆယ်ရေးလုပ်ငန်းများ (အိမ်တွင်း မီးဘေး ကာကွယ်ရေးအကြောင်း သိကောင်းစရာများ)
၁၁း၀၅	မိုးလေဝသခန့်မှန်းချက်
၁၁း၁၀	ဂီတသံစဉ်အလှဆင်(ခင်ယုမေ)
၁၁း၂၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၃၅	ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (သဘာဝအသီးအရွက်အစားအသောက်တို့နှင့် ပတ်သက်သော ကျန်းမာရေးအမေးအဖြေများ) (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁၁း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀	ချိုဆိမ့်မွှေးမွှေး သကြားလုံးလေး
၁၂း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၂၅	ကျန်းမာခြင်းနှင့် ရေသန့်
၁၂း၄၅	တေးဂီတအစီအစဉ်
၁၂း၅၀	တံတားမြစ်ငယ်အသစ်သွယ် လူမှုစီးပွားကြွယ်
၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီအထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ဝိုင်အမ်ဘီအေ အသင်း နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဇွန် ၁၀

ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း (YMBA)၏ ၂၀၀၆–၂၀၀၇ခုနှစ် နှစ်ပတ်လည် အစည်းအဝေးကို ဇွန် ၂၄ရက် (တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် အမှတ် ၇၇ ရေကျော်လမ်း ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့ အသင်းခန်းမတွင် ကျင်းပမည်ဖြစ်ရာ အသင်းဝင်တိုင်း ကြွရောက်ပါရန်နှင့် အကြံပြု ဆွေးနွေးလိုသည့် အချက်များရှိပါက ဇွန်၁၈ရက် (တနင်္လာနေ့) ညနေ ၄နာရီ နောက်ဆုံးထား၍ အမှုဆောင်အဖွဲ့သို့ ရေးသားပေးပို့နိုင်ကြောင်း သိရသည်။ **(က–ပ)**

လက်ခံယူ

ဘိုးဘွား ဦးမြ–ဒေါ်ရှင်နှင့် မိဘ ဦးစောမောင်–ဒေါ်တင်မေ တို့အား ရည်စူး၍ အမှတ် ၁၅၉ ၅၈လမ်း ၃၀×၃၁လမ်းကြား လေယာဉ်ပျံရပ် မန္တလေးမြို့နေ ဒေါ်မြင့်မြင့်စော မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ ဆေးနှင့် ငွေပဒေသာပင်အတွက် အလှူငွေကျပ် သုံးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးတင်မောင်ဝင်း လက်ခံယူစဉ်။ (က–ပ)

● ရှေ့ဖုံးမှ

လိုက်ပါသွားကြ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်သိန်းဆွေ၊ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ရှေ့နေချုပ် ဦးအေးမောင်၊ ဒုတိယတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး ကျော်ကျော်ဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါသွားကြသည်။ **(သတင်းစဉ်)**

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့သို့ ချစ်ကြည်ရေးခရီးထွက်ခွာသွားသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် Beijing Planning Exhibition Hall နှင့် ပြည်သူ့ခန်းမဆောင်ကြီးတို့ကိုကြည့်ရှုလေ့လာ

နေပြည်တော် ဇွန် ၁၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဇွန်၆ရက် ညနေ၃နာရီခွဲတွင် ပေကျင်းမြို့ရှိ Beijing Planning Exhibition Hall သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ကြိုဆို

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များအား Beijing Planning Exhibition Hall တာဝန်ခံ မစ္စစ်ကျောက်လိနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းပြသ

ထို့နောက်ရှင်းလင်းဆောင်၌ မစ္စစ်ကျောက်လိက Beijing Planning Exhibition Hallကို ၂၀၀၃ခုနှစ် စက်တင်ဘာလတွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၄ခုနှစ် စက်တင်ဘာလတွင်ဖွင့်လှစ်ခဲ့ပါကြောင်း၊ ပြခန်းဖွင့်လှစ်ပြီး နှစ်နှစ်ကျော်ကာလအတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ နိုင်ငံ့အကြီးအကဲများနှင့် ပြည်ပနိုင်ငံပေါင်း ၈၀မှ နိုင်ငံ့ခေါင်းဆောင်များ အပါအဝင် နိုင်ငံတကာမှ ဧည့်သည်တော်များ၊ လေ့လာသူဦးရေ တစ်သန်းကျော် လာရောက်လေ့လာခဲ့ပါကြောင်း ပဏာမရှင်းလင်းတင်ပြပြီး ပေကျင်းမြို့ဟောင်းနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်လာသည့် ပေကျင်းမြို့တို့၏ အခြေအနေများကို ဗီဒီယိုဆလိုက်ဖြင့် ရှင်းလင်းပြသသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား Exhibition Hall ၏စတုတ္ထထပ်၌ သတ္တုဖြင့်ပုံဖော်ပြသထားသည့် ၁၉၄၉ခုနှစ်က ပေကျင်းမြို့၏ အနေအထားကိုလည်းကောင်း၊ ပုံစံငယ်များဖြင့် ခင်းကျင်းပြသထားသည့် ၂၀၀၈ ခုနှစ်တွင် ပေကျင်းမြို့၌ကျင်းပမည့် နွေရာသီအိုလံပစ် အားကစားကွင်းဒီဇိုင်း၊ တိုးတက်လာမည့် ပေကျင်းမြို့သစ်၊ အိုလံပစ်ပြိုင်ပွဲတွင် အားကစားနည်းမျိုးစုံအလိုက် ပြိုင်ပွဲကျင်းပမည့် အားကစားကွင်းများနှင့် အဆောက်အအုံများ၊ အိုလံပစ်ပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲနှင့် ဘောလုံးဗိုလ်လုပွဲကျင်းပမည့် ပရိသတ် ၉၁၀၀၀ဆံ့ အားကစားကွင်းအဆောက်အအုံ၊ ပရိသတ်၁၇၀၀၀ဆံ့ ရေကူးကန်၊ မြေအောက် ရထားလမ်း၊ ၂၀၀၄ခုနှစ်မှ ၂၀၂၀ပြည့်နှစ်အထိ ဖွံ့ဖြိုးတိုးတက်လာမည့် ပေကျင်းမြို့၏ မြင်ကွင်းနှင့် အဆောက်အအုံပုံစံငယ်များ၊ အီလက်ထရွန်နစ်စာအုပ်၊ ပေကျင်းမြို့တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၏ လေယာဉ်ကွင်းပုံစံငယ်၊ မြေညီထပ်တွင် ခင်းကျင်းပြသထားသည့် မဟာတံတိုင်းပုံစံနှင့် ပေကျင်းမြို့၏ ပုံစံငယ်ပြကွက်တို့ကို တာဝန်ရှိသူများက လိုက်ပါရှင်းလင်းပြသကြသည်။

ပြည်သူ့ခန်းမဆောင်ကြီး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များ ပေကျင်းမြို့ရှိ ပြည်သူ့ခန်းမဆောင်ကြီးတွင် ကြည့်ရှုလေ့လာကြစဉ်။

(သတင်းစဉ်)

လက်မှတ်ရေးထိုး

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် Beijing Planning Exhibition Hall ၏ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းလက်မှတ်ရေးထိုးသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် ပေကျင်းမြို့ရှိ ပြည်သူ့ခန်းမဆောင်ကြီးသို့ သွားရောက်ကြည့်ရှုလေ့လာကြရာ ပြည်သူ့ခန်းမဆောင်ကြီး၏ ကြိုဆိုဧည့်ခံရေးဌာနမှူး မစ္စစ်ဝမ်လိနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ကြည့်ရှုလေ့လာ

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား မစ္စစ်ဝမ်လိက ပြည်သူ့ခန်းမဆောင်ကြီး တည်ဆောက်ထားရှိမှု အခြေအနေကိုရှင်းလင်းပြသပြီး နိုင်ငံ့ခေါင်းဆောင်ကြီးများ မွေးဖွားခဲ့သည့် ပြည်နယ်များအား ကိုယ်စားပြုသည့် ခန်းမတို့ကို လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူတို့က လိုက်လံရှင်းလင်းပြသကြသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၁၁–၆–၂၀၀၇

(တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးလက္ခဏာ ညွှန်းဖွဲ့တေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးလက္ခဏာ ညွှန်းဖွဲ့တေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၅	၃။	အမျိုးသားရေးလက္ခဏာ ညွှန်းဖွဲ့တေးကဗျာ
၄:၂၅	၄။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၅၀	၅။	မျိုးချစ်တပ်မတော်
၅:၁၀	၆။	ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅:၃၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၉။	နိုင်ငံတကာသတင်း
၆:၁၅	၁၀။	မိုးလေဝသသတင်း
၆:၂၀	၁၁။	အမျိုးသားရေးလက္ခဏာ ညွှန်းဖွဲ့တေးကဗျာ
၆:၃၅	၁၂။	လျှပ်တစ်ပြက်
၇:၀၀	၁၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဤမှန်သော သစ္စာတရားကြောင့်** (အပိုင်း–၉)
၈:၀၀	၁၄။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၅။	အမျိုးသားရေးလက္ခဏာ ညွှန်းဖွဲ့တေးကဗျာ
	၁၆။	မေးမြန်းစူးစမ်း
	၁၇။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၁၈။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မိုးနဂါးသိုင်း ရှစ်ကွက်** (အပိုင်း–၃၆)

အပြောက တွေ့ဆုံဆွေးနွေးရေး အလုပ်က ၉၀ ပြည့်နှစ် ရလဒ် အကောင်အထည်ဖော်ရေး၊ လူထုဆူပူ အုံကြွရေး

တွေ့ဆုံ ဆွေးနွေးလိုပါတယ်။ အမျိုးသား ပြန်လည်စည်းလုံးရေး လိုလားပါတယ်။ ဒီမိုကရေစီလိုလားပါတယ်ဆိုတာတွေကို လူတိုင်းပြောနိုင်ပါတယ်။ ဒါပေမယ့် ဘယ်သူ ဘာစကားပြောပြော၊ ဘာအရောင်ခြယ်ခြယ်၊ ဘာတံဆိပ်ခတ်ခတ် လက်တွေ့ ဘာလုပ်သလဲဆိုတဲ့ ကာယကံအလုပ်ကသာ အဆုံးအဖြတ်ဖြစ်ပါတယ်။ အစိုးရနဲ့ တွေ့ဆုံဆွေးနွေးလိုပါတယ်ဆိုပြီး လက်တွေ့ကျတော့ ၉၀ ပြည့်နှစ်ရလဒ် အကောင်အထည်ဖော်ရေးကို ကျင့်သုံးနေတာတွေ၊ အမျိုးသားပြန်လည်စည်းလုံးရေး လိုလားပါတယ်ဆိုပြီး လက်တွေ့ကျတော့ အမျိုးသားပြန်လည်စည်းလုံးရေးကို ဆန့်ကျင် ဖြိုခွဲနေတာတွေ၊ ဒီမိုကရေစီလိုလားပါတယ်ဆိုပြီး လက်တွေ့ကျတော့ ပုဂ္ဂိုလ်စွဲ ကိုးကွယ်နေတာတွေ အများကြီးရှိပါတယ်။

ဒီကနေ့ တပ်မတော်အစိုးရဟာ ဈေးကွက်စီးပွားရေးနဲ့ ဒီမိုကရေစီနိုင်ငံ ထူထောင်ဖို့ တစ်ပါတီ ဆိုရှယ်လစ်စနစ်နဲ့ ဗဟိုက ချုပ်ကိုင်တဲ့ ဆိုရှယ်လစ်စီးပွားရေးစနစ်ကို ဖျက်သိမ်းခဲ့တယ်။ ဈေးကွက်စီးပွားရေးနဲ့ ဒီမိုကရေစီနိုင်ငံတော်ကို ဦးတည်ချက်(၁၂)ရပ် ချမှတ်ပြီး အကောင်အထည်ဖော်ထူထောင်နေတယ်။ အမျိုးသားပြန်လည်စည်းလုံးရေးအတွက် မြေပေါ်မြေအောက် နိုင်ငံရေးအဖွဲ့အစည်းများနဲ့ တွေ့ဆုံဆွေးနွေးတယ်။ အစိုးရအဆက်ဆက်ကို နှစ်ရှည်ကြာစွာ ဆန့်ကျင်လာခဲ့တဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၁၇)ဖွဲ့နဲ့ အမျိုးသားပြန်လည်စည်းလုံးရေးတည်ဆောက်လာနိုင်တယ်။ ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ပေါ်လာရေးအတွက် အခြေခံလိုအပ်တဲ့ အခြေခံအဆောက်အအုံလုပ်ငန်းတွေကို မနားမနေ ထူထောင်နေတယ်။ မူဝါဒလမ်းစဉ်(၇)ရပ်ချမှတ်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ဖြစ်ရေးကို အကောင်အထည်ဖော်နေတယ်။ အပြောနဲ့အလုပ် တစ်ထပ်တည်း ကျင့်သုံးနေပါတယ်။

အရာရာတိုင်းက ကိုယ်လိုသလို ဖြစ်မလာနိုင်။ ဖြစ်ချင်တာထက် ဖြစ်သင့်တာက စတင်ရတာချည်း ဖြစ်ပါတယ်။ ဒီမိုကရေစီနိုင်ငံကို ချက်ချင်းဖြစ်လိုတယ်၊ အနောက်ဒီမိုကရေစီ ချက်ချင်းပုံတူကူးလိုတယ်ဆိုတဲ့ အင်အားစုတွေဟာ လက်ယာစွန်းစိတ်ကူးယဉ်ဝါဒီတွေဖြစ်ပါတယ်။ ဒါကြောင့် ဒီအင်အားစုတွေဟာ ဒီမိုကရေစီနိုင်ငံဖြစ်ပေါ်လာရေးအတွက် လူမှုဘဝတိုးတက်ဖြစ်ပေါ်လာရေးကို ဘာတစ်ခုမှမလုပ်ကြဘဲ ပါးစပ်ကပဲ အသံကောင်းဟစ်ပြနေကြတယ်။ ဒီမိုကရေစီဆိုတာ လိုင်စင်ရ လုပ်ငန်းမျိုး လိုမဟုတ်၊ အချိန်ယူထူထောင်ကျင့်သုံးယူရတယ်ဆိုတဲ့ လက်တွေ့ဘဝ လိုအပ်ချက်မှန်သမျှကို ပစ်ပယ်ထားကြတယ်။ နိုင်ငံတော် ထူထောင်ရေး လုပ်ငန်းမှန်သမျှကို ပြည်ပအားကိုးနဲ့ အဆိုးမြင် ဆန့်ကျင်နေကြတယ်။

ဒီမိုကရေစီနိုင်ငံထူထောင်ရေးနဲ့ ပတ်သက်လို့ လွတ်လပ်ခွင့်ရဲ့ အနာဂတ်(The Future of Freedom)စာအုပ်ကို ရေးသားသူ ဖာရိဒ် ဇကားရီးယားက လက်တွေ့အလုပ်ဖြစ်သော ဒီမိုကရေစီနိုင်ငံထူထောင်ရန် အနောက်နိုင်ငံများတွင် နှစ်ပေါင်း ၄၀၀ ကြာအောင် ကြိုးပမ်းအားထုတ်ခဲ့ရပြီး အရှေ့အာရှဒေသတွင် နှစ်ပေါင်း ၄၀ အချိန်ယူခဲ့ရတယ်။ ယခုအခါ ဒါကို ကျွန်တော်တို့က အီရတ်မှာ လေးလနဲ့ လိုချင်နေတယ်လို့ ဆက်ပြောပါတယ်။ ဒီလိုပြောဆိုမှုရဲ့ အနက်အဓိပ္ပာယ်ဟာ ဒီမိုကရေစီဆိုတာ နတ်ရေကန်ထဲချလိုက်သလို ချက်ချင်း ဖြစ်ပေါ်မလာနိုင်ဘူးလို့ ဆိုလိုခြင်းပဲ ဖြစ်ပါတယ်။

အမျိုးသားပြန်လည်စည်းလုံးရေးနဲ့ပတ်သက်လို့ မြန်မာ့နိုင်ငံရေးသမိုင်းမှာ တပ်မတော်အစိုးရများကသာ ပိုမိုဆောင်ရွက်နိုင်ခဲ့တာ တွေ့နေရပါတယ်။ တပ်မတော်အစိုးရများဟာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုတဲ့ အမျိုးသားရေးတာဝန်ကြီးကို အသက်ပေးထမ်းဆောင်လာရတဲ့အတွက် အမျိုးသားပြန်လည်စည်းလုံးရေးကို ပိုမိုဦးစားပေး ကြိုးပမ်းလေ့ရှိပါတယ်။ ဒါကြောင့်လဲ ဒီကနေ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနဲ့ ပြန်လည်စည်းလုံးစွာ နိုင်ငံကိုထူထောင်လာနိုင်တယ်။ နယ်စွန်နယ်ဖျားများပါမကျန် တည်ငြိမ်အေးချမ်းစွာ ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ဆူကြုံနိမ့်မြင့် မရှိအောင် ဆောင်ရွက်လာနိုင်တယ်။

မြန်မာ့နိုင်ငံရေးသမိုင်းတွင် ၁၉၆၃ခုနှစ် တော်လှန်ရေးကောင်စီအစိုးရလက်ထက်မှာ တစ်ကြိမ် တောတွင်းလက်နက်ကိုင် အဖွဲ့အစည်းများနဲ့ ပြည်တွင်းငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးပွဲ ပြုလုပ်ခဲ့ပါတယ်။ ကရင်တိုင်းရင်းသား တောတွင်းလက်နက်ကိုင် တစ်ဖွဲ့နဲ့သာ ငြိမ်းချမ်းရေးရခဲ့ပါတယ်။ ဗမာပြည်ကွန်မြူနစ်ပါတီ၊ အလံနီကွန်မြူနစ်ပါတီ အပါအဝင် အခြားသော တောတွင်းလက်နက်ကိုင်အဖွဲ့အားလုံးနဲ့ တွေ့ဆုံဆွေးနွေးရေး ပျက်ခဲ့ကြပါတယ်။ ဒုတိယအကြိမ် ၁၉၆၉ခုနှစ်တွင် မြေပေါ်နိုင်ငံရေးပါတီ အဖွဲ့အစည်းအားလုံးကို ဖိတ်ခေါ်ပြီး ၃၃ ဦး ပြည်တွင်းညီညွတ်ရေး အကြံပေးအဖွဲ့ကိုလဲ ဖွဲ့စည်းခဲ့ပါတယ်။ ဝန်ကြီးချုပ်ဟောင်း ဦးနုကသူ့ဆီ အာဏာပြန်အပ်ဖို့ တောင်းခံသလို ပြည်တွင်းညီညွတ်ရေး အကြံပေးအဖွဲ့ချင်းပင် ရင်ကြားစေ့မရတဲ့အတွက် ပျက်ခဲ့ပါတယ်။ အဲဒီလို အစိုးရနဲ့ တွေ့ဆုံဆွေးနွေးပွဲ ပျက်ခဲ့ရတာ တစ်ကြိမ်တစ်ခါမို့လို့ ပျက်ကောင်းပျက်နိုင်ကြတယ်လို့ ယူဆနိုင်ပါတယ်။ နိုင်ငံတော်အစိုးရက အကြိမ်ကြိမ်ဆွေးနွေးခဲ့ပေမယ့် ပြည်ပအားကိုးပြီး အမျိုးသားရေးကို ဘယ်လိုမှမထောက်ထားတဲ့ အဖွဲ့မျိုးလဲ ရှိနေပါတယ်။ တပ်မတော်အစိုးရဟာ ဒေါ်စုကြည်နဲ့ NLD ခေါင်းဆောင်တွေကို နိုင်ငံတော်အကြီးအကဲအဆင့် လေးကြိမ်၊ ဝန်ကြီးအဆင့် အကြိမ် ၂၀ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ ဒါ့အပြင် အမျိုးသားညီလာခံကြီးမှာ ပါဝင် လက်တွဲသွားဖို့လဲ အကြိမ်ကြိမ် ကမ်းလှမ်းခဲ့ပါတယ်။ ဒါပေမယ့် ဒေါ်စုကြည်နဲ့ NLD ဟာ အနောက်ဆရာကြီးများအလိုကျ ၁၉၉၀ပြည့်နှစ် ရလဒ် အကောင်အထည်ဖော်ရေး၊ တပ်မတော်အစိုးရကို လူထုအုံကြွမှုနဲ့ဖယ်ရှားရေး၊ အာဏာကို ဖြတ်လမ်းကရရေးအတွက်သာ တရားသေဆုပ်ကိုင် ဆောင်ရွက်နေခဲ့တယ်။

အောင်မိုးခံ

ဒေါ်စုကြည်၊ NLDနဲ့ တပ်မတော်အစိုးရ ဘာကြောင့် ပြန်လည်စည်းလုံးမလာနိုင်သလဲဆိုတာကို သရုပ်ခွဲဆန်းစစ်ကြည့်တဲ့အခါ အခုလိုတွေ့ရပါတယ်။ တပ်မတော်အစိုးရနဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေ ပြန်လည်စည်းလုံးလာနိုင်တာဟာ–

(၁) တိုင်းရင်းသားချင်း အပြန်အလှန်သွေးမြေကျ တိုက်ခိုက်လာခဲ့ရတဲ့ ဆိုးကျိုးတွေအပေါ် တူညီတဲ့သင်ခန်းစာတွေရှိတယ်။

(၂) အချင်းချင်း လက်နက်ကိုင် ပဋိပက္ခ ရှည်ကြာလာပေမယ့် ထူးခြားမလာတဲ့ အခြေအနေမှန်တွေအပေါ် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ မှန်ကန်စွာ ဆင်ခြင်သိမြင်လာတယ်။

(၃) တပ်မတော်အစိုးရရဲ့ အမျိုးသားပြန်လည်စည်းလုံးရေး၊ နိုင်ငံထူထောင်ရေး ကြိုးပမ်းမှု စေတနာမှန်အပေါ် အပြန်အလှန်ယုံကြည်ကိုးစားမှု ရှိလာတယ်။

(၄) နှစ်ဖက်စလုံး ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်ပြည့်ဝစွာ အမျိုးသားရေးပြဿနာတွေကို လက်တွဲဖြေရှင်းလာနိုင်တယ်။ ပြည်ပဩဇာကင်းရှင်းစွာ ပြန်လည်စည်းလုံးရေးလမ်းကို ရွေးချယ်လာနိုင်တယ်ဆိုတဲ့ အချက်တွေပါပဲ။

NLDနဲ့ အပေါင်းပါ အင်အားစုအချို့နဲ့ မသင့်မြတ်နိုင်သေးတဲ့ အကြောင်းရင်းကတော့–

(၁) ၈၈ အရေးအခင်းနောက်ပိုင်း ပေါ်ပေါက်လာတဲ့ အဖွဲ့အစည်းအချို့၊ အင်အားစုအချို့ဟာ နိုင်ငံရေးအတွေ့အကြုံရင့်မာမှု အားနည်းတဲ့အတွက် မြန်မာ့နိုင်ငံရေးအခြေအနေမှန်တွေအပေါ် မတွက်ဆနိုင်တာ ရှိတယ်။

(၂) ဒီအပေါ် ပြည်ပနိုင်ငံကြီးအချို့ရဲ့ သပ်လျှိုသွေးခွဲလာတဲ့အတွက် အမျိုးသားပြန်လည်စည်းလုံးရေးနဲ့ အလှမ်းဝေးလာရတယ်။

(၃) အမျိုးသား ပြန်လည်စည်းလုံးရေးထက် ပြည်ပအားကိုးမှု လွန်ကဲလာတယ်။

(၄) မိမိတို့လူမှုဘဝနဲ့ကိုက်ညီတဲ့ ဒီမိုကရေစီနိုင်ငံတော်ကို အမျိုးသားအင်အားစုချင်း လက်တွဲ ထူထောင်ရမယ့်အစား အနောက်ဒီမိုကရေစီ ပုံတူကူးဖို့ ရှေ့တန်းတင်လာတယ်။

(၅) တပ်မတော်အစိုးရအပေါ် အမေရိကန်နဲ့ အနောက်အုပ်စုရဲ့ စီးပွားရေးပိတ်ဆို့မှု အရေးယူမှု၊ နိုင်ငံရေးအရ စွက်ဖက်အကျပ်ကိုင်မှု၊ ကုလသမဂ္ဂ လုံခြုံရေးကောင်စီက အရေးယူအောင် ကြိုးပမ်းမှုတွေကို တစ်ဖက်သတ် ထောက်ခံအားပေးတယ်။ တပ်မတော်အစိုးရအပေါ် လူထုဆူပူမှုဖြစ်အောင် ဖန်တီး ဆန့်ကျင်ပြီး အာဏာရရေးကြိုးပမ်းလာတယ်ဆိုတဲ့ အချက်တွေကြောင့်ပါပဲ။

ဒီကနေ့ နိုင်ငံတော်ကို တည်ငြိမ်အေးချမ်းလာအောင် အခက်အခဲပေါင်းများစွာနဲ့ ကြိုးပမ်းလာခဲ့တဲ့ တပ်မတော်အစိုးရဟာ နိုင်ငံတော်တည်ငြိမ်မှုပျက်ပြားအောင်၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို ပျက်ပြားအောင် လုပ်ဆောင်လာရင် ဘယ်သူ့ကိုမျှ ဘယ်လိုမှ လက်ပိုက်ကြည့်နေမှာမဟုတ်ပါဘူး။ ဒါဟာ တစ်မျိုးသားလုံးအရေးနဲ့ တစ်မျိုးသားလုံး အကျိုးစီးပွားဖြစ်လို့ပါပဲ။

မကြာသေးခင်က နော်ဝေဝန်ကြီးချုပ်ဟောင်းနဲ့ နိုင်ငံတကာ ခေါင်းဆောင်ဟောင်း၅၈ဦးတို့ ဒေါ်စုကြည်လွှတ်ပေးရေးအတွက် လက်မှတ်ရေးထိုးတောင်းဆိုတဲ့ သတင်းတွေကို အနောက်ဩဇာခံ သတင်းဌာနတွေက ဟိုးလေးတကျော် ထုတ်လွှင့်ပေးလျက်ရှိပါတယ်။ ဒီလူပုဂ္ဂိုလ်တွေနဲ့ ဒေါ်စုကြည်ကို လွှတ်ပေးစေလိုတဲ့ နိုင်ငံတွေအနေနဲ့ ဒေါ်စုကြည် သဘောထားပြောင်းရေးကိုသာ တောင်းဆိုသင့်တယ်။ ဒေါ်စုကြည်ကို တစ်ဖက်သတ် ပုဂ္ဂိုလ်ရေးထောက်ခံအားပေးနေတဲ့ အမေရိကန်နဲ့ အနောက်အုပ်စုအပေါင်းပါတွေရဲ့ မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှု အရေးယူမှု၊ လူသားချင်း စာနာထောက်ထားတဲ့ အကူအညီဖြတ်တောက်မှု စတဲ့ လုပ်ရပ်တွေ ရပ်ဆိုင်းရေးကို တောင်းဆိုသင့်တယ်။ အခုတော့ အဲဒီလိုမဟုတ်ဘဲ မြန်မာအစိုးရကိုသာ တစ်ဖက်သတ်တောင်းဆိုနေတဲ့အတွက် အဲဒီလို ဘက်လိုက်တောင်းဆိုမှုတွေဟာ ဘယ်လိုမှ အောင်မြင်နိုင်မယ်မဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ဒီကနေ့ ဒေါ်စုကြည်နဲ့ NLD အဖွဲ့ဝင်တွေဟာ **အပြောက တွေ့ဆုံဆွေးနွေးရေး အလုပ်က ၉၀ ပြည့်နှစ် ရလဒ် အကောင်အထည်ဖော်ရေး၊ လူထုဆူပူအုံကြွရေး၊** အာဏာကို ဖြတ်လမ်းကရရေးတို့ကိုသာ အသေဆုပ်ကိုင် ကျင့်သုံးလျက်ရှိတယ်ဆိုတာကို ရေးသားတင်ပြလိုက်ရပါတယ်။ ။

မကြာသေးခင်က နော်ဝေဝန်ကြီးချုပ်ဟောင်းနဲ့ နိုင်ငံတကာ ခေါင်းဆောင်ဟောင်း ၅၈ဦးတို့ ဒေါ်စုကြည်လွှတ်ပေးရေးအတွက် လက်မှတ်ရေးထိုးတောင်းဆိုတဲ့ သတင်းတွေကို အနောက်ဩဇာခံ သတင်းဌာနတွေက ဟိုးလေးတကျော် ထုတ်လွှင့်ပေးလျက်ရှိပါတယ်။ ဒီလူပုဂ္ဂိုလ်တွေနဲ့ ဒေါ်စုကြည်ကို လွှတ်ပေးစေလိုတဲ့ နိုင်ငံတွေအနေနဲ့ ဒေါ်စုကြည် သဘောထားပြောင်းရေးကိုသာ တောင်းဆိုသင့်တယ်။ ဒေါ်စုကြည်ကို တစ်ဖက်သတ် ပုဂ္ဂိုလ်ရေးထောက်ခံအားပေးနေတဲ့ အမေရိကန်နဲ့ အနောက်အုပ်စုအပေါင်းပါတွေရဲ့ မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှု အရေးယူမှု၊ လူသားချင်း စာနာထောက်ထားတဲ့ အကူအညီဖြတ်တောက်မှု စတဲ့လုပ်ရပ်တွေ ရပ်ဆိုင်းရေးကို တောင်းဆိုသင့်တယ်။

11-6 (04) 1 6/10/07, 3:10 PM

ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် ပိုစတာပြိုင်ပွဲ နေပြည်တော်အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပ

နေပြည်တော် ဇွန် ၁၀

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ၂၀၀၇ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် ပိုစတာပြိုင်ပွဲကို ယမန်နေ့နံနက် ၉နာရီက နေပြည်တော်ရှိ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်သူ့အင်အားဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ဦးတင်ရီ တက်ရောက်ကြည့်ရှုအားပေးသည်။ (ယာပုံ)

တက်ရောက်

အခမ်းအနားတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပျဉ်းမနားခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးခင်စိုး၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဇော်၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းအလုပ်အမှုဆောင်များ၊ ခရိုင် ရိုးရာပန်းပညာရှင်များ အစည်းအရုံးအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပြိုင်ပွဲကျင်းပ

ပြိုင်ပွဲတွင် "MEN AS PARTNERS IN MATERNAL HEALTH" (မိခင်ဘဝကျန်းမာမှု၊ လက်တွဲဖော်ပြု အမျိုးသားထု)ခေါင်းစဉ်ဖြင့် အသက်ခြောက်နှစ်မှ ရှစ်နှစ်၊ အသက်ကိုးနှစ်မှ ၁၂နှစ်၊ အသက် ၁၃ နှစ်မှ ၁၅နှစ်၊ အသက် ၁၆နှစ်မှ ၁၈နှစ် အဆင့်များအလိုက် ပြိုင်ပွဲများ ကျင်းပရာ ပျဉ်းမနား၊ လယ်ဝေးနှင့်တပ်ကုန်းမြို့နယ်တို့မှ ကျောင်းသားကျောင်းသူ စုစုပေါင်း၄၀ ပါဝင်ယှဉ်ပြိုင်ကြသည်။

ပိုစတာပြိုင်ပွဲကို ပြည်နယ်နှင့် တိုင်းမြို့ကြီးများရှိ သတ်မှတ်ထားသော နေရာများ၌ တစ်ပြိုင်တည်း ကျင်းပကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဟော်ကီ အားကစား အထောက်အကူပစ္စည်းများ ရောက်ရှိ

ရန်ကုန် ဇွန် ၁၀

မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဦးကျော်နိုင်သည် ၂၀၀၆ခုနှစ် ဇွန်လတွင် မက္ကာအိုး၌ ကျင်းပခဲ့သော အာရှဟော်ကီအဖွဲ့ချုပ် ဟော်ကီအားကစား ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အစည်းအဝေးသို့ တက်ရောက်စဉ်က ဆက်သွယ်ဆောင်ရွက်ခဲ့ပြီး အပြည်ပြည်ဆိုင်ရာဟော်ကီအဖွဲ့ချုပ်(FIH)က ကူညီထောက်ပံ့သော ငွေကျပ်၁၈သိန်းတန်ဖိုးရှိသော ဟော်ကီအားကစား တုတ်တံ၁၂ချောင်းနှင့် ဂိုးသမားဝတ်စုံ တစ်စုံတို့ပါဝင်သော ဟော်ကီအားကစား ပစ္စည်းများသည် ဒုတိယအကြိမ် မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်သို့ ရောက်ရှိလာရာ ဒုတိယဥက္ကဋ္ဌ ဦးကျော်နိုင်က လက်ခံပြီး မြန်မာ့လက်ရွေးစင် ဟော်ကီအသင်းစခန်းသွင်းတာဝန်ခံနှင့် အသင်းအုပ်ချုပ်သူ ဦးကျော်ဌေးသိန်းသို့ ယမန်နေ့က လွှဲပြောင်းပေးအပ်လိုက်သည်။

သင်တန်းပေး

အပြည်ပြည်ဆိုင်ရာ ဟော်ကီအဖွဲ့ချုပ်(FIH)၏ မြန်မာ့ဟော်ကီ အားကစားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အရ ၂၀၀၇ခုနှစ် မေလတွင် ပထမအကြိမ် မြန်မာနိုင်ငံသို့ ဟော်ကီအားကစား နည်းပြ သင်တန်းပေးရန် အပြည်ပြည်ဆိုင်ရာ နည်းပြအဆင့်(၁)Mr.K.M. Awais(ပါကစ္စတန်)သည် ရန်ကုန်မြို့သို့ ရောက်ရှိစဉ်က ၎င်းနှင့်အတူ ဟော်ကီအားကစားတုတ်တံ ၁၂ချောင်းနှင့် ဂိုးသမားဝတ်စုံတစ်စုံတို့ကို ပထမအကြိမ် ပေးပို့ခဲ့ပြီးဖြစ်သည်။

အသုံးပြုမည်

အပြည်ပြည်ဆိုင်ရာ ဟော်ကီအဖွဲ့ချုပ်(FIH)က ကူညီထောက်ပံ့သော ဟော်ကီအားကစားပစ္စည်းများကို ၂၀၀၇ခုနှစ် ဗန်ကောက်မြို့၌ကျင်းပမည့် (၂၄)ကြိမ်မြောက် အရှေ့တောင် အာရှအားကစားပြိုင်ပွဲအတွက် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ အပြည်ပြည်ဆိုင်ရာ အဆင့်မီမြက်ခင်းတုဟော်ကီအားကစား ကွင်းတွင် တစ်နေ့နှစ်ကြိမ် ပြင်းပြင်းထန်ထန်လေ့ကျင့်လျက်ရှိသော ပဏာမ မြန်မာ့လက်ရွေးစင် အားကစားသမားများအတွက် အသုံးပြုသွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်နိုင်က မြန်မာ့ဟော်ကီ လက်ရွေးစင်စခန်းတာဝန်ခံနှင့်အသင်း အုပ်ချုပ်သူ ဦးကျော်ဌေးသိန်းထံ အပြည်ပြည်ဆိုင်ရာ ဟော်ကီအဖွဲ့ချုပ်မှ ပေးပို့သော ဟော်ကီ အားကစား အထောက်အကူပြု ပစ္စည်းများကို လွှဲပြောင်းပေးစဉ်။ (ဟော်ကီအဖွဲ့ချုပ်)

ပန်းအလှပင်နှင့် ခြံစည်းရိုးကြက်ဆူပင်များ ကွတ်ခိုင်စည်ပင်ရုံးဝင်းအတွင်း စုပေါင်းစိုက်ပျိုး

ရန်ကုန် ဇွန် ၁၀

ကွတ်ခိုင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယဦးစီးမှူး(စီမံ)ဦးလှကွန့်နှင့် ဝန်ထမ်းများသည် မေ ၂၀ရက်က ရုံးဝင်းအတွင်း ပန်းအလှပင်နှင့်ရာသီပန်းများ စိုက်ပျိုးခြင်း၊ ပေါင်းမြက်များရှင်းလင်းခြင်းနှင့်ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးခြင်း လုပ်ငန်းများကို စုပေါင်းဆောင်ရွက်ကြရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးညွှန့်ဝေက အနီးကပ်ကြီးကြပ်၍ လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျေးရွာ စာကြည့်တိုက်အဆောက်အအုံတည်ဆောက်ရေး ဆွေးနွေး

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးပြီး ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ၏ အဆောက်အအုံ လှူဒါန်းပွဲများကို ဆောင်ရွက်လျက်ရှိရာ မိတ္ထီလာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်အုန်း၊ မိတ္ထီလာ မြို့နယ် သတင်းထောက် ဦးကျော်ကျော်မြင့်တို့သည် မုန်တိုင်ကျေးရွာအုပ်စုရှိ ခံပင်အိုင့်ကျေးရွာ၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက်အအုံတည်ဆောက်ရေးကို မေ ၂၇ရက် နံနက် ၉နာရီက ခံပင်အိုင့်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ မုန်တိုင်ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဦးမြဒင်၊ ခံပင်အိုင့်ကျေးရွာ ဘုန်းတော်ကြီး ဦးသုဇာတ၊ ကျေးရွာရှိ ရပ်မိရပ်ဖများနှင့် ညှိနှိုင်းဆွေးနွေးကြသည်။ (၃၅၈)

အလယ်တန်းဆင့် ဆရာ၊ ဆရာမများ မွမ်းမံသင်တန်းဆင်း

ပျဉ်းမနားခရိုင် ပညာရေးဌာနက ကြီးမှူး၍ အခြေခံပညာအလယ်တန်းအဆင့် ဆရာ၊ ဆရာမများ သင်ကြားရေး မွမ်းမံသင်တန်းဆင်းပွဲအခမ်းအနားကို မေ ၂၉ ရက် နံနက် ၉ နာရီက ပျဉ်းမနားမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ရတနာမွန်ခန်းမ၌ ကျင်းပရာ ခရိုင်ပညာရေးမှူး ဦးလှထူးက အမှာစကားပြောကြားပြီး သင်တန်းတွင် ထူးချွန်ဆုရရှိသူများကို ဆုပေးအပ်ချီးမြှင့်ရာ ရမည်းသင်းမြို့နယ်မှ ဒေါ်အိဖြူထွေးမောင်က ပထမ၊ ငန်းစပ်အလက(ပျဉ်းမနား)မှ ဒေါ်စန္ဒာမြင့်က ဒုတိယနှင့် ဒေါ်သန္တာထွန်း(တ-ဗ-က)ပျဉ်းမနားက တတိယတို့ ရရှိကြပြီး နှစ်သိမ့်ဆုအဖြစ် ဒေါ်ခင်စန်းမြင့်(ရမည်းသင်း)နှင့်ဒေါ်မာညို(တပ်ကုန်း-ဒဟက်ကုန်း)တို့က ရရှိကြသည်။ အဆိုပါသင်တန်းကို မေ ၃ ရက်မှ ၂၉ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး လယ်ဝေး၊ ပျဉ်းမနား၊ တပ်ကုန်း၊ ရမည်းသင်းနှင့် ပျော်ဘွယ်မြို့နယ်တို့မှ ဆရာ၊ ဆရာမ ၅၁၈ဦး တက်ရောက်ကြောင်း သိရသည်။ (၀၉၉)

စာကြည့်တိုက်များရေရှည်တည်တံ့ရေး ထပ်ဆင့်ရှင်းလင်း

မအူပင်ခရိုင်ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များရေရှည်တည်တံ့ရေးထပ်ဆင့်ရှင်းလင်းပွဲကို မေ ၂၅ ရက်က ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ ကျင်းပရာ ခရိုင်ဦးစီးအရာရှိ ဒေါ်ငွေခင်က ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး၏ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းပြီး ၂၀၀၇-၂၀၀၈ ကျေးရွာစာကြည့်တိုက်များ အဆောက်အအုံဆောက်လုပ်ရေး၊ ငွေပဒေသာပင်စိုက်ထူရေး၊ မှတ်ပုံတင်စာကြည့်တိုက်များဖြစ်ရေး၊ ပရိဘောဂနှင့် စာအုပ်စာစောင် တိုးပွားရရှိရေးနှင့် စာဖတ်ဝိုင်းများ ကျင်းပရေးတို့ကို ဆွေးနွေးကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

မြန်မာ့အလင်း ပြည်တွင်းသတင်း အတိုအထွာ

ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ရေး သင်တန်းဖွင့်

စစ်ကိုင်းတိုင်း မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ရေး သင်တန်းအမှတ်စဉ်(၁) ဖွင့်ပွဲကို မေ ၂၄ ရက် နံနက် ၁၀ နာရီက ပိုးစာကုန်းကျေးရွာ မူလတန်းကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဒုတိယရဲမှူး ကျော်ရှင်း၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေး ဦးစီးအရာရှိ ဒေါက်တာမြင့်ဦးတို့က အမှာစကား ပြောကြားကြပြီး လူမှုရေးအသင်းအဖွဲ့များ၊ ပညာရေးဌာနဝန်ထမ်းများ၊ မွေးမြူရေး လုပ်ငန်းရှင်များ၊ သင်တန်းသား၊ သင်တန်းသူ ၈၁ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ သုံးရက်ကြာမြင့်ကြောင်း သိရသည်။ (မြို့နယ် မွေး/ကုဦးစီး)

ကျေးရွာကိုယ့်အားကိုယ်ကိုး မီးလင်းရေးဆောင်ရွက်

ဆင်ပေါင်ဝဲမြို့နယ် ကျောက်ဆောင်စမ်းကျေးရွာ ကျေးရွာကိုယ့်အားကိုယ်ကိုး မီးလင်းရေး ကော်မတီ၏ ဒီဇယ်အင်ဂျင်စက်ဖြင့် ကျေးရွာတွင်း မီးပေးရေး အစီအစဉ်များ ဆောင်ရွက်လျက်ရှိရာ မေ ၂၂ ရက်က အမှုဆောင်အရာရှိ ဦးအောင်ရွှေ သွားရောက် ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

တောင်ကြီးခရိုင်ရဲတပ်ဖွဲ့မှူးရုံး ပညာသင်စရိတ်ထောက်ပံ့

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင်ရဲတပ်ဖွဲ့မှူးရုံး၏ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ခရိုင်ရဲတပ်ဖွဲ့ဝင်များ၏သားသမီးများအား ပညာသင်စရိတ် ချီးမြှင့်ထောက်ပံ့ပွဲ အခမ်းအနားကို မေ ၂၅ရက် နံနက် ၁၀နာရီက တောင်ကြီးခရိုင် ရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သူရသွင်ကိုကိုက ၂၀၀၇-၂၀၀၈ ပညာသင်နှစ်တွင် ပညာသင်ကြားကြမည့် တက္ကသိုလ်ကျောင်းသားကျောင်းသူ ၁၆ဦး၊ အထက်တန်းဆင့် ကျောင်းသားကျောင်းသူ ၁၃ဦး၊ အလယ်တန်းဆင့် ကျောင်းသားကျောင်းသူ ၂၃ဦး၊ မူလတန်းဆင့်ကျောင်းသား ကျောင်းသူ ၁၈ဦး စုစုပေါင်း ၇၀အား တန်ဖိုး ငွေကျပ် ၃၃၆၀၀၀တန်ဖိုးရှိ စာရေးကိရိယာပစ္စည်းများ ချီးမြှင့်ထောက်ပံ့ပေးကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ကျောင်းအပ်နှံရေးနေ့နှင့် အလှူငွေပေးအပ်ပွဲ ဝန်းသို၌ကျင်းပ

ကသာခရိုင် ဝန်းသိုမြို့နယ် ကျောင်းအပ်နှံရေးနေ့နှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို မေ ၂၅ ရက် နံနက် ၁၀ နာရီက ဒေါင်းမြူးခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မိုးက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးသာအောင်က ကျောင်းအပ်နှံရေးနေ့အကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အလှူရှင်များက ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံနိုင်ရေး အလှူငွေကျပ် ၄၂၅၀၀၀ ကို ပေးအပ်လှူဒါန်းကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

သတိပေးနှိုးဆော်ချက်

ရန်ကုန်မြို့တော်အတွင်း သွားလာလျက်ရှိသည့် အချို့မော်တော်ယာဉ်များသည် ယာယီနံပါတ်အမျိုးမျိုးအား တပ်ဆင်သွားလာလျက်ရှိကြောင်း တွေ့ရှိရပါသည်။ ထိုသို့သွားလာလျက်ရှိရာတွင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက သတ်မှတ်ပေးထားသည့် စက်မှုဇုန်ထုတ် ယာယီနံပါတ်ခွင့်ပြုကာလ တစ်လ၊ လေလံနံပါတ် ခွင့်ပြုကာလ သုံးလကိုသာ တပ်ဆင်၍ စည်းကမ်းသတ်မှတ်ချက်နှင့်အညီ သွားလာကြရန်နှင့် သတ်မှတ်ထုတ်ပေးထားခြင်းမရှိသော ယာယီနံပါတ်များ တပ်ဆင်မောင်းနှင်နေခြင်းအား စစ်ဆေးတွေ့ရှိပါက ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

တရုတ်–မြန်မာနှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုများ အထူးကောင်းမွန်ဖြစ်ထွန်းလျက်ရှိ စီးပွားရေး ဘက်စုံပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးပွားစေရေး အလေးထား

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာတန်ကြားရှွမ်

ရေအားလျှပ်စစ်ထုတ်လုပ်မှု၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု အခွင့်အလမ်း တရုတ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်

နေပြည်တော် ဇွန် ၁၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာတန်ကြားရှွမ်အား ဇွန် ၅ ရက် ညနေ ၆ နာရီက ပေကျင်းမြို့ ကျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာ အဆောက်အအုံ အမှတ်(၅) တွေ့ဆုံခန်းမသို့ သွားရောက်တွေ့ဆုံနှုတ်ဆက်သည်။

တွေ့ဆုံနှုတ်ဆက်

ထိုသို့ တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အတူ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေ၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊

တွေ့ဆုံနှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာတန်ကြားရှွမ်အား ပေကျင်းမြို့ ကျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာ၌ တွေ့ဆုံနှုတ်ဆက်စဉ်။

(သတင်းစဉ်)

ရှေ့နေချုပ် ဦးအေးမောင်၊ ဒုတိယတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဦးသိန်းလွင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

တက်ရောက်

အလားတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာတန်ကြားရှွမ်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန လက်ထောက်ဝန်ကြီး မစ္စတာဆွေထျန်းခိုင်၊ တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက် ဥပဒေရေးရာ ကော်မတီအဖွဲ့ဝင် မစ္စတာကျန်းချွင်ရှန်း၊ တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက် နိုင်ငံရေးရာဗျူရို ဒုတိယညွှန်ကြားရေးမှူးချုပ် မစ္စတာဟူရှောင်လီနှင့် အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ကြသည်။

အလေးထားဆောင်ရွက်

ထိုသို့တွေ့ဆုံရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာတန်ကြားရှွမ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီးနောက် တရုတ်–မြန်မာ နှစ်နိုင်ငံအကြား အထူးကောင်းမွန်သည့်အပြန်အလှန် ချစ်ကြည်ရင်းနှီးမှုများ ဖြစ်ထွန်းလျက်ရှိသည့်ပြင် စီးပွားရေး ဘက်စုံပူးပေါင်းဆောင်ရွက်မှုများကိုလည်း ဆက်လက်တိုးပွားစေရေးအတွက် အစဉ်တစိုက် အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ပူးပေါင်းဆောင်ရွက်

ထို့ပြင် တရုတ်–မြန်မာ နှစ်နိုင်ငံ နယ်စပ်၌ မူးယစ်ဆေးဝါး ပူးပေါင်းတိုက်ဖျက်ရေးကိုလည်း ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ ဘိန်းစိုက်တောင်သူများအတွက် ဆန်များ ကူညီထောက်ပံ့ပေးမည်ဖြစ်ကြောင်း၊ အခြားအလားတူ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး ကိစ္စများတွင်လည်း ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီးနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ခရီးစဉ်လာရောက်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး နှစ်နိုင်ငံ နိုင်ငံရေး၊ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ရင်းနှီးမြှုပ်နှံ

ဆက်လက်၍ မြန်မာနိုင်ငံ၏ ရေအားလျှပ်စစ်ထုတ်လုပ်နိုင်မှု အခွင့်အလမ်းများ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်လုပ်နိုင်မှု အခွင့်အလမ်းများကို ရှင်းလင်းပြောကြားပြီး တရုတ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံပါရန် ပြောကြားသည်။

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်မစ္စတာတန်ကြားရှွမ်အား ပေကျင်းမြို့ ကျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

အမြန်အကောင်အထည်ဖော်

ထို့နောက် နယ်စပ်ကုန်သွယ်ရေးမှ ပုံမှန်ကုန်သွယ်ရေးစနစ်သို့ ကူးပြောင်းရေး၊ နှစ်နိုင်ငံနယ်စပ်တွင် မူးယစ်ဆေးဝါးစိုက်ပျိုးထုတ်လုပ်မှုများ ပူးပေါင်းတိုက်ဖျက်ရေး၊ ဘိန်းအစားထိုးသီးနှံ ပြောင်းလဲစိုက်ပျိုးရေး၊ ရွှေလီမှ လားရှိုးအထိ မီးရထားလမ်း တိုးချဲ့ဖောက်လုပ်ရေး၊ နေပြည်တော်တွင် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ ဆောက်လုပ်မှုလုပ်ငန်း အမြန်အကောင်အထည်ဖော်ရေး ကိစ္စများကို ရှင်းလင်းဆွေးနွေးသည်။

တွေ့ဆုံဆွေးနွေး

ဆက်လက်၍ အတွင်းရေးမှူး(၁)သည် မြန်မာနိုင်ငံ၏အမျိုးသားညီလာခံ ပြန်လည်ကျင်းပရန် ပြင်ဆင် ဆောင်ရွက်ထားရှိမှုနှင့် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုကို ရှင်းလင်းပြောကြားပြီး နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတကြီး ဟူကျင်တောင်နှင့် နိုင်ငံ့ခေါင်းဆောင်များကို နှုတ်ခွန်းဆက်သပါကြောင်းနှင့် မြန်မာနိုင်ငံသို့သမ္မတကြီးနှင့် ခေါင်းဆောင်များ လာရောက်လည်ပတ်ပါရန် ဖိတ်ကြားပါကြောင်းဖြင့် ပြောကြားပြီး တွေ့ဆုံဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ ဗုဒ္ဓစွယ်တော်မြတ်အား သွားရောက်ဖူးမြော်ပြီး ရှေးဟောင်းနန်းတော် ကြည့်ရှုလေ့လာ

နေပြည်တော် ဇွန် ၁၀

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ချစ်ကြည်ရေး အလည်အပတ်ရောက်ရှိနေသော ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ဇွန် ၆ ရက် နံနက် ၉ နာရီတွင် ပေကျင်းမြို့ Ba Da Chu ဥယျာဉ်ရှိ ဗုဒ္ဓစွယ်တော်မြတ် ကိန်းဝပ်စံပယ်တော်မူသည့် Ling Guang Si Buddhist Temple သို့ရောက်ရှိကြရာ တရုတ် ဗုဒ္ဓဘာသာအသင်း ဒုတိယဥက္ကဋ္ဌ Lin Guang Si Buddhist Temple ဆရာတော်စိန်ဖေ့နှင့် တရုတ်ဗုဒ္ဓဘာသာအသင်းမှတာဝန်ရှိသူများ၊ ဗုဒ္ဓဘာသာအသင်းဝင်များက ကြိုဆိုကြသည်။

ဖူးမြော်ကြည်ညို

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဗုဒ္ဓစွယ်တော်မြတ် ကိန်းဝပ်စံပယ်တော်မူသည့် ဂန္ဓကုဋိ တိုက်အတွင်းရှိ ဗုဒ္ဓစွယ်တော်မြတ်နှင့် မြန်မာနိုင်ငံမှ လှူဒါန်းထားသည့် ကျောက်စိမ်း ဗုဒ္ဓရုပ်ပွားတော်တို့အား ဖူးမြော်ကြည်ညိုကြရာ ဆရာတော် စိန်ဖေ့က ဗုဒ္ဓစွယ်တော်မြတ်၏ သမိုင်းကြောင်း၊ တရုတ်–မြန်မာ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေး အစွန့်ရှည် တည်တံ့ခိုင်မြဲရေးအတွက် ဗုဒ္ဓစွယ်တော်မြတ် မြန်မာနိုင်ငံသို့ ကြွရောက်အပူဇော်ခံခဲ့မှု၊ သီရိလင်္ကာ၊ ထိုင်းနိုင်ငံနှင့် ဟောင်ကောင်တို့သို့ ကြွချီအပူဇော်ခံမှုများ၊ မြန်မာနိုင်ငံမှ လှူဒါန်းထားသည့် ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော် ကိန်းဝပ်စံပယ်နေမှုများကို ရှင်းလင်းမြွက်ကြားတော်မူသည်။

ဖူးမြော်ကြည်ညို

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များ ပေကျင်းမြို့ Ba Da Chu ဥယျာဉ်ရှိ ဗုဒ္ဓစွယ်တော်မြတ်အား ဖူးမြော်ကြည်ညိုကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့အတွက် ဗုဒ္ဓရုပ်ပွားတော်မြတ်တစ်ဆူအား ဓမ္မလက်ဆောင် အဖြစ် တရုတ် ဗုဒ္ဓဘာသာအသင်း နာယကဆရာတော် ယိချိန်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်ထံ ချီးမြှင့်ပေးအပ်စဉ်။ (သတင်းစဉ်)

ဆက်လက်၍ အတွင်းရေးမှူး(၁) နှင့်အဖွဲ့ဝင်များသည် တရုတ် ဗုဒ္ဓဘာသာအသင်း နာယကဆရာတော် ယိချိန်အား သွားရောက်ဖူးမြော်ပြီး တရုတ် ဗုဒ္ဓဘာသာအသင်းနှင့် Ling Guang Si ဘုရားကျောင်းကိုယ်စား နာယက ဆရာတော်ထံ အတွင်းရေးမှူး(၁)က ပရိက္ခရာရှစ်ပါး အစရှိသော လှူဖွယ် ပစ္စည်းများနှင့် နဝကမ္မအလှူငွေများကို ဆက်ကပ်လှူဒါန်းသည်။

ချီးမြှင့်ပေးအပ်

ဆက်လက်၍ နာယကဆရာတော်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ အတွက် ဗုဒ္ဓရုပ်ပွားတော်မြတ်တစ်ဆူ အား ဓမ္မလက်ဆောင်အဖြစ် ချီးမြှင့် ပေးအပ်ရာ အတွင်းရေးမှူး(၁)က လက်ခံယူသည်။

ထို့နောက် နာယကဆရာတော်က အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သို့ ဓမ္မလက်ဆောင်အဖြစ် ဗုဒ္ဓ ရုပ်ပွားတော်မြတ်တစ်ဆူစီကို ဆက် လက် ချီးမြှင့်ပေးအပ်ပြီး အန္တရာယ်ကင်း ဘုရားကမ္ဗည်းကျောက်စာကို ကြည့်ရှု၍ ဘုရားကျောင်းမှ ပြန်လည်ထွက်ခွာ ကြသည်။

အန္တရာယ်ကင်းဘုရား ကမ္ဗည်းကျောက်စာ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များ ပေကျင်းမြို့ Ba Da Chu ဥယျာဉ်ရှိ ဗုဒ္ဓစွယ်တော်မြတ် ကိန်းဝပ်စံပယ်တော်မူသည့် Ling Guang Si Buddhist Temple ၌ အန္တရာယ်ကင်းဘုရား ကမ္ဗည်းကျောက်စာကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ရှေးဟောင်းနန်းတော်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် မြန်မာ ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များ ပေကျင်းမြို့ရှိရှေးဟောင်း နန်းတော်ကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ကြည့်ရှုလေ့လာ

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများလိုက်ပါလျက် ပေကျင်း မြို့ရှိ ရှေးဟောင်းနန်းတော်သို့ သွား ရောက် ကြည့်ရှုလေ့လာကြသည်။

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များ သည် ရှေးဟောင်းနန်းတော်သို့ အဓိက ဝင်ပေါက်ဖြစ်သည့် တောင်ဘက်ရှိ Meridian Gate (WU Men) မှ စတင်ဝင်ရောက်၍ နန်းတော်ဟောင်း အဆောက်အအုံများကို လေ့လာကြည့်ရှု ကြပြီး နန်းတော် မြောက်ဘက်ဂိတ် ဖြစ်သော Shen wa Men (Gate of Devine Might) မှ ပြန်လည်ထွက်ခွာ သွားကြသည်။

ကာရံထား

အဆိုပါ တရုတ်ပြည်သူ့သမ္မတ နိုင်ငံ ရှေးဟောင်းနန်းတော်၏ ဧရိယာ မှာ စတုရန်းမီတာ ၇၂၀၀၀၀ ကျယ်ဝန်း ပြီး အခန်းပေါင်း ၈၇၀၀ ဖြင့် တည် ဆောက်ထားခြင်းဖြစ်သည်။ နန်းတော် ကြီးကို အလျားမီတာ ၃၄၀၀ ရှည်လျား သည့် အနီရောင်တံတိုင်းဖြင့် ကာရံထား ကြောင်း သိရသည်။ **(သတင်းစဉ်)**

11-6 (07) 1 6/10/07, 3:10 PM

နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးပူးပေါင်းဆောင်ရွက်မှုများအောင်မြင် အနာဂတ်တွင် ဆတက်ထမ်းပိုးတိုး၍ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်သွားမည်

မြန်မာနိုင်ငံဘက်မှ အစဉ်အမြဲရပ်တည်ပေးခဲ့သဖြင့် ကျေးဇူးတင် ရှိပြီးဖြစ်သော ချစ်ကြည်ရင်းနှီးမှုကို ပိုမိုတိုးပွားလာစေ

တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ H.E. Mr. Li Tieying

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်

နေပြည်တော် ဇွန် ၁၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဇွန် ၆ ရက် ညနေ ၆ နာရီက ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်ကြီး ဒုတိယထပ်ရှိ Shanghai တွေ့ဆုံခန်းမ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ H.E. Mr. Li Tieying နှင့် တွေ့ဆုံဆွေးနွေးကြသည်။

တက်ရောက်

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် အုန်းမြင့်၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ရှေ့နေချုပ် ဦးအေးမောင်၊ ဒုတိယတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဦးသိန်းလွင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဒုတိယဥက္ကဋ္ဌ H. E. Mr. Li Tieying နှင့်အတူ တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက် တိုင်းရင်းသားရေးရာကော်မတီဝင်နှင့် ဒုတိယညွှန်ကြားရေးမှူး မစ္စတာခွေဖုလင်၊ တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက် ဘဏ္ဍာရေးနှင့်စီးပွားရေးကော်မတီဝင်နှင့် ဒုတိယညွှန်ကြားရေးမှူး မစ္စတာရှီရှိရွတ်၊ တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက် နိုင်ငံခြားရေးရာကော်မတီဝင်နှင့် ဒုတိယညွှန်ကြားရေးမှူး မစ္စတာ ကျီဖောင်၊ တရုတ်အမျိုးသား ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယအထွေထွေအတွင်းရေးမှူး မစ္စတာ ဆောင်ဝေကျိုးနှင့် တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက် ဥပဒေရေးရာကော်မတီဝင် မစ္စတာကျန်းချွင်ရှန်းတို့ တက်ရောက်ကြသည်။

အောင်မြင်မှုကောင်းများရရှိ

ထိုသို့တွေ့ဆုံရာ၌ တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာလီထယ်ရင်းက ပဏာမကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီးနောက် ယခုကဲ့သို့ အဆွေတော် အတွင်းရေးမှူး(၁)၊ ဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ လာရောက်လည်ပတ်ခြင်းသည် မိမိတို့နှစ်နိုင်ငံအကြား တည်ရှိပြီးဖြစ်သော ချစ်ကြည်ရင်းနှီးမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတို့ကို ပိုမိုခိုင်မြဲတိုးတက်စေပါကြောင်း၊ မိမိတို့ နှစ်နိုင်ငံသည် ရှေးယခင်ကတည်းက ချစ်ကြည်ရင်းနှီးလာခဲ့ကြပြီးဖြစ်ရာ ယခုအချိန်အခါ၌ ပိုမိုခိုင်မြဲသည်ထက် ခိုင်မြဲလာကြောင်း၊ နှစ်နိုင်ငံကြား နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ အောင်မြင်မှုကောင်းများရရှိနေကြောင်းနှင့် အနာဂတ်တွင် ဆတက်ထမ်းပိုး တိုး၍ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ကျေးဇူးတင်နှုတ်ခွန်းဆက်စကား ပြန်လည်ပြောကြားပြီးနောက် ချစ်ကြည်ရေးခရီးစဉ် လာရောက်ရခြင်းရည်ရွယ်ချက်ကို ပြောကြားသည်။

ထပ်လောင်းအားဖြည့်

ဆက်လက်၍ ယခုမိမိတို့ ချစ်ကြည်ရေးခရီးစဉ်သည် တစ်နိုင်ငံနှင့် တစ်နိုင်ငံရှိပြီးဖြစ်သော ချစ်ကြည်ရင်းနှီးမှုကို ပိုမိုတိုးပွားလာသည်သာမက မိမိတို့၏ အိမ်နီးချင်းကောင်းပီသစွာ ငြိမ်းချမ်းစွာအတူယှဉ်တွဲ နေထိုင်ရေး မူကြီးငါးရပ်ကိုလည်း ထပ်လောင်းအားဖြည့်ရာရောက်ကြောင်း။

အစဉ်အမြဲရပ်တည်

မြန်မာနိုင်ငံ၏အရေးကိစ္စများနှင့် စပ်လျဉ်း၍ မိတ်ဆွေကောင်း၊ ဆွေမျိုးပေါက်ဖော်ပီသစွာ မြန်မာနိုင်ငံဘက်မှ အစဉ်အမြဲမားမားမတ်မတ် ရပ်တည်ပေးခဲ့ခြင်းအတွက်လည်း အမှတ်တရ ကျေးဇူးဥပကာရတင်လျက်ရှိနေပါကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့သည် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြကြောင်း၊ ယခုအခါ ပြည်ထောင်စု မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ ကုန်သွယ်မှုပမာဏမှာ တစ်နှစ်ထက်တစ်နှစ် တိုးတက်များပြားလာသည်သာမက တရုတ်ပြည်သူ့သမ္မတနိုင်ငံက မြန်မာနိုင်ငံတွင် စီးပွားရေး ရင်းနှီးမြှုပ်နှံမှု အများအပြားကို တိုးမြှင့် ပြုလုပ်ခဲ့ပါကြောင်း၊ ရှေ့လာမည့်နှစ်များတွင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများသည် ဆတက်ထမ်းပိုးတိုး၍ ဖြစ်ထွန်းလာမည့်အခြေအနေကောင်းများကိုလည်း တွေ့မြင်နေရပြီဖြစ်ကြောင်း ပြောကြားသည်။

အပြန်အလှန်ပေးအပ်

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် တရုတ်အမျိုးသား ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ H.E. Mr. Li Tieying တို့သည် တစ်ဦးနှင့်တစ်ဦး လက်ဆောင်များ အပြန်အလှန်ပေးအပ်ကြသည်။

ထို့နောက် မြန်မာ–တရုတ်နှစ်နိုင်ငံ သဘာဝဓာတ်ငွေ့ဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနား (Signning Ceremony of Memorandum of Understanding on Myanmar-China Natural Gas Cooperation) နှင့် Memorandum of Understanding for Feasibility Study of Joint Development of Crude Oil Pipeline in Myanmar တို့ကို ည ၈ နာရီခွဲတွင် ပြည်သူ့ခန်းမဆောင်ကြီး ပထမထပ်ရှိ ထိုင်ဝမ်(Taiwan) ခန်းမ၌ ကျင်းပသည်။

လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ တရုတ်အမျိုးသား ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ H.E.Mr. Li Tieying နှင့်အဖွဲ့ဝင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Petrochina Company Limited ဒုတိယဥက္ကဋ္ဌ မစ္စတာ လျောင်ယုံယွမ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

မှတ်တမ်းဓာတ်ပုံရိုက်

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် တရုတ်အမျိုးသား ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ H.E. Mr.Li Tieying တို့သည် ရင်းရင်းနှီးနှီးနှုတ်ဆက်ကြပြီး အဖွဲ့ဝင်များနှင့်အတူ မှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

ထို့နောက် မြန်မာ–တရုတ်နှစ်နိုင်ငံ Memorandum of Understanding for Feasibility Study of Joint Development of Crude Oil Pipeline in Myanmar နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကိုကျင်းပရာ မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး ကျော်ကျော်ဝင်းနှင့် Petrochina Company Limited ဒုတိယဥက္ကဋ္ဌ မစ္စတာလျောင်ယုံယွမ်တို့သည် နားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုးကြပြီး စာချွန်လွှာကို လဲလှယ်ကြသည်။

တည်ခင်းဧည့်ခံ

စာချုပ်လက်မှတ်ရေးထိုးပွဲ အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား တရုတ်အမျိုးသား ပြည်သူ့ကွန်ဂရက်အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာလီထယ်ရင်းက ပြည်သူ့ခန်းမဆောင်ကြီး၏ ဒုတိယထပ်ရှိ Beijing ခန်းမ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဂုဏ်ပြုညစာသုံးဆောင်အပြီးတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် တရုတ်အမျိုးသား ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီးနောက် ခေတ္တတည်းခိုသည့် Grand Hotel Beijing သို့ ပြန်လည်ရောက်ရှိ ရပ်နားကြသည်။

(သတင်းစဉ်)

အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များအား မစ္စတာတန်ကြားရှမ်က ဂုဏ်ပြုညစာစားပွဲဖြင့်တည်ခင်းဧည့်ခံ

နေပြည်တော် ဇွန် ၁၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာတန်ကြားရှမ်က ဇွန် ၅ ရက် ညနေ ၆ နာရီခွဲတွင် ပေကျင်းမြို့ ကျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ (အပေါ်ပုံ)

ညစာစားပွဲ တက်ရောက်

အဆိုပါဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရှေ့နေချုပ်၊ ဒုတိယတရားသူကြီးချုပ်၊ ဒုတိယရှေ့နေချုပ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ပြန်လည်ရောက်ရှိ

ဂုဏ်ပြုညစာစားပွဲအပြီးတွင် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် ခေတ္တတည်းခိုသည့် Grand Hotel Beijing သို့ ပြန်လည်ရောက်ရှိ ရပ်နားကြသည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်အမျိုးသား ပြည်သူ့ကွန်ဂရက် (NPC) အမြဲတမ်းကော်မတီဥက္ကဋ္ဌ မစ္စတာဝူဘန်ကိုအား ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်ကြီး ဧည့်ခန်းမ၌ တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

■ *ကျောဖုံးမှ*

ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်၊ တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်မှ ကြိုဆိုကြသည်။

ပြန်လည်လိုက်ပါလာ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ အဖွဲ့ဝင်အဖြစ်လိုက်ပါသွားကြသော နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်း၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ရှေ့နေချုပ် ဦးအေးမောင်၊ ဒုတိယတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ ပြန်လည်လိုက်ပါလာကြသည်။ **(သတင်းစဉ်)**

* *ကျောဖုံးမှ*

အလားတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်အမျိုးသား ပြည်သူ့ကွန်ဂရက် (NPC) အမြဲတမ်းကော်မတီဥက္ကဋ္ဌ မစ္စတာဝူဘန်ကိုနှင့်အတူ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ တရုတ်အမျိုးသား ပြည်သူ့ကွန်ဂရက် နိုင်ငံခြားရေးရာကော်မတီ ဒုတိယအကြီးအကဲ မစ္စတာကျိဖေတင်၊ တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယအထွေထွေ အတွင်းရေးမှူး မစ္စတာ ဆောင်ဝေကျို၊ တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယအထွေထွေ အတွင်းရေးမှူး တရုတ်အမျိုးသား ပြည်သူ့ကွန်ဂရက်ရုံး ညွှန်ကြားရေးမှူး မစ္စတာဆွင်းဝေ၊ တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက် ဥပဒေရေးရာကော်မတီဝင် မစ္စတာ ကျန်းချွင်ရှန်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ ဝူတာ့ဝေနှင့် တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက်ရုံး နိုင်ငံခြားရေးရာဌာန ဒုတိယညွှန်ကြားရေးမှူး မစ္စတာဟူရှောင်လီနှင့် အဆင့်မြင့်အရာရှိများ တက်ရောက်ကြသည်။

ကြိုဆိုနှုတ်ဆက်

တွေ့ဆုံပွဲတွင် ရှေးဦးစွာ တရုတ်အမျိုးသား ပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌ မစ္စတာဝူဘန်ကိုက ချစ်ကြည်ရေး ခရီးစဉ် လာရောက်ခဲ့ကြသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)နှင့် အဖွဲ့အား ကြိုဆိုနှုတ်ဆက်စကား ပြောကြားသည်။ ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ကျေးဇူးတင် နှုတ်ဆက်စကား ပြောကြားပြီးနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် **နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အဆွေတော်နှင့် တရုတ်ပြည်သူ့သမ္မတ ခေါင်းဆောင်များအား နှုတ်ခွန်းဆက်သလိုက်ပါကြောင်း၊ အဆွေတော်အနေဖြင့် မြန်မာနိုင်ငံသို့ ၁၉၉၇ခုနှစ်က ချစ်ကြည်ရေးခရီး လာရောက်ခဲ့သည်ကို အမှတ်ရလျက်ရှိပါကြောင်းနှင့် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးထပ်မံလာရောက်ရန် ဖိတ်ကြားလိုက်ပါကြောင်း။**

အထူးကျေးဇူးတင်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အနေဖြင့် နိုင်ငံတကာနယ်ပယ်တွင် မြန်မာနိုင်ငံဘက်မှ ရပ်တည် ကူညီမှုများအတွက် မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများက အထူးကျေးဇူးတင်လျက်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တရုတ်အမျိုးသား ပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌ မစ္စတာဝူဘန်ကိုက မိမိတို့အနေဖြင့် တရုတ်-မြန်မာ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု ခိုင်မြဲရေးအတွက် များစွာအလေးထားပါကြောင်း၊ မိမိတို့နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်မှု၊ အပြန်အလှန် နားလည်ယုံကြည်မှုများကြောင့် နှစ်နိုင်ငံ ဆက်ဆံရေးမှာ အထူးကောင်းမွန်လျက် ရှိပါကြောင်း။

အိမ်နီးချင်းကောင်းပီသ

မြန်မာနိုင်ငံအနေဖြင့် တရုတ်တစ်နိုင်ငံတည်း (One China Policy)ကို တစိုက်မတ်မတ် ထောက်ခံခဲ့သည့်အတွက်ကိုလည်း ကျေးဇူးအထူးတင်ရှိပါကြောင်းကို ထပ်လောင်းပြောကြားလိုပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အကျိုးစီးပွားအတွက် အမြဲတစေ အိမ်နီးချင်းကောင်း ပီသစွာ ရပ်တည်မှုများအတွက်လည်း များစွာ ကျေးဇူးတင်ရှိပါကြောင်း။

တရုတ်ပြည်သူ့ သမ္မတနိုင်ငံအနေဖြင့် တစ်နိုင်ငံ၏ ပြည်တွင်းရေးကို အခြားတစ်နိုင်ငံက ဝင်ရောက်စွက်ဖက်သည့် လုပ်ရပ်မှန်သမျှကို အမြဲဆန့်ကျင်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကိစ္စကို အဆိုပါနိုင်ငံနှင့် ပြည်သူများကသာ ဆုံးဖြတ်ရမှာဖြစ်ပါကြောင်း။

ယမန်နှစ်က တရုတ်-မြန်မာ နှစ်နိုင်ငံ ကုန်သွယ်မှုပမာဏမှာ ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံအထိ တိုးတက်ခဲ့ပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍ၊ သတ္တုကဏ္ဍနှင့် အခြားသော စီးပွားရေးလုပ်ငန်းများတွင် နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်လိုသည့် ဆန္ဒရှိပါကြောင်း။

တရုတ်-မြန်မာ နှစ်နိုင်ငံမူးယစ်ဆေးဝါးပပျောက်ရေး ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်အောင်မြင်လျက်ရှိပါကြောင်း၊ မူးယစ်ဆေးဝါး ပပျောက်ရေးလုပ်ငန်းများကို နှစ်နိုင်ငံဆက်လက်၍ ပူးပေါင်းတိုက်ဖျက်သွားမှာဖြစ်ပါကြောင်း။

မူဝါဒများချမှတ်

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှာ လူဦးရေများပြားသည့်အတွက် တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာအတွေ့အကြုံနှင့် ဖြစ်ရပ်များကို လေ့လာသုံးသပ်ပြီး ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ စရိုက်လက္ခဏာ၊ ဓလေ့ထုံးတမ်းစဉ်လာများနှင့် ဆီလျော်ညီညွတ်သည့် ကိုယ်ပိုင်လမ်းစဉ်မူဝါဒများ ချမှတ်ပြီး ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ခဲ့၍ မိမိနိုင်ငံနှင့် သင့်လျော်သည့် ဖွံ့ဖြိုးမှု လမ်းကြောင်းကို တွေ့ရှိခဲ့သည်ဟု ဆိုရမှာဖြစ်ကြောင်း။

မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများအနေဖြင့် ကိုယ့်အားကိုယ်ကိုး စိတ်ဓာတ်ဖြင့် ကိုယ့်နိုင်ငံနှင့် ဆီလျော်ညီညွတ်သည့် လမ်းကြောင်းဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်နေမှုများကိုလည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရနှင့် ပြည်သူများက အားပေးထောက်ခံ ပါကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် အတွင်းရေးမှူး(၁)က အဆွေတော်အနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖြစ်ပေါ်တိုးတက်လာမှု အဆင့်ဆင့်ကို ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းပြောကြားခဲ့သည့်အတွက် အထူးကျေးဇူးတင်ပါကြောင်း၊ လူဦးရေများပြားလှသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံကြီး ယနေ့ကဲ့သို့ စီးပွားရေး၊ လူမှုရေး၊ သိပ္ပံနှင့်နည်းပညာ စသည့်ကဏ္ဍစုံ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုများ ရရှိအောင် ဦးဆောင်လမ်းညွှန်ခဲ့ကြသည့် အဆွေတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ခေါင်းဆောင်များအား ချီးကျူးဂုဏ်ယူပါကြောင်း။

ရှေ့လုပ်ငန်းစဉ်များ

မိမိတို့ နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေး လုပ်ငန်းစဉ်များအနက် အဓိကကျသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးအတွက် အမျိုးသားညီလာခံ ကျင်းပပြီး အခြေခံမူများ၊ အသေးစိတ်အခြေခံမူများ ချမှတ်သည့် လုပ်ငန်းစဉ်မှာ မကြာမီ ပြီးစီးတော့မည် ဖြစ်ပါကြောင်း၊ အခြေခံမူများရရှိပါက ကျန်ရှိနေသည့် ရှေ့လုပ်ငန်းစဉ်များကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ဖိတ်ကြား

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကလည်း အဆွေတော်နှင့်တကွ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတကြီးတို့အား ကျန်းမာကြပါစေကြောင်းနှင့် အခါအခွင့်သင့်ပါက မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်လည်ပတ်ပါရန် ဖိတ်ကြားလိုက်ပါကြောင်းဖြင့် ပြောကြားပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့သို့ ရောက်ရှိ

နေပြည်တော် ဇွန် ၁၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီး လှည့်လည်ရန် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များ လိုက်ပါလျက် ဇွန် ၅ ရက် နံနက် ၁၀ နာရီတွင် Air Bagan အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ထွက်ခွာခဲ့ရာ ဒေသစံတော်ချိန် ညနေ ၃ နာရီ မိနစ် ၄၀ တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်က လေယာဉ်ပေါ်သို့တက်ရောက်၍ ခရီးဦးကြိုနှုတ်ဆက်သည်။

ကြိုဆိုနှုတ်ဆက်

ထို့နောက် လေယာဉ်လှေကားထိပ်မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက် တရားဥပဒေရေးရာ လုပ်ငန်းကော်မတီ ကော်မတီဝင် Mr. Zhang Chunsheng၊ တရုတ်အမျိုးသား ပြည်သူ့ကွန်ဂရက် နိုင်ငံခြားဆက်သွယ်ရေးရုံးမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် Mr. Hu Xiaoli နှင့်တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်အား တရုတ်အမျိုးသမီးငယ်တစ်ဦးနှင့် မြန်မာ အမျိုးသမီးငယ်တစ်ဦးတို့က ဂုဏ်ပြုပန်းစည်းများကို ဂါဝရပြုပေးအပ်ကြသည်။

ဂါဝရပြု

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား တရုတ်ပြည်သူ့ သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်၏ ဇနီး ဒေါ်နွဲ့နွဲ့ဟန်၊ စစ်သံမှူး ဗိုလ်မှူးကြီးတင့်ဝေနှင့် ဇနီး ဒေါက်တာ ဒေါ်နွယ်နီဝင်း၊ မြန်မာသံရုံး၊ စစ်သံရုံးဝန်ထမ်းများနှင့် မိသားစုများက ဂါရဝပြု ကြိုဆိုကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက် တရားဥပဒေရေးရာ လုပ်ငန်းကော်မတီဝင် Mr. Zhang Chunsheng တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ခေတ္တရပ်နား

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ပေကျင်းမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ် အထူးဧည့်ခန်းမ၌ ခေတ္တရပ်နားကြသည်။

ရင်းရင်းနှီးနှီးတွေ့ဆုံ

ထိုသို့ ခေတ္တရပ်နားစဉ် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက် တရားဥပဒေရေးရာ လုပ်ငန်းကော်မတီ ကော်မတီဝင် Mr. Zhang Chunsheng တို့သည် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ နှုတ်ဆက်စကား ပြောကြားကြသည်။

ယင်းနောက် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များသည် ပေကျင်းမြို့ရှိ ခေတ္တ တည်းခိုမည့် Grand Hotel Beijing သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

မိုးလေဝသအခြေအနေ

(၁၁-၆-၂၀၀၇)

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲများ ရန်ကုန်မြို့၌ကျင်းပ

ရန်ကုန် ဇွန် ၁၀

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ၂၀၀၇ခုနှစ် ကမ္ဘာ့လူဦး ရေနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲများကို **“မိခင်ဘဝ ကျန်းမာမှု လက်တွဲဖော်ပြု အမျိုးသားထု”** ခေါင်းစဉ်ဖြင့် ယနေ့ နံနက် ၉ နာရီမှ ၁၁ နာရီအထိ ပြည်နယ်၊ တိုင်းမြို့ကြီးများရှိ သတ်မှတ်ထားသောနေရာများ၌ တစ်ပြိုင်တည်း ကျင်းပသည်။

ဝင်ရောက်ယှဉ်ပြိုင်

ယင်းသို့ကျင်းပရာတွင် ရန်ကုန်တိုင်း၌ တက္ကသိုလ်စာစီစာကုံးပြိုင်ပွဲကို ကမာရွတ်မြို့နယ် ပညာရေးတက္ကသိုလ်၌ ကျောင်းသား ကျောင်းသူ၆၀တို့က လည်းကောင်း၊ ကောလိပ်အဆင့်ကို ရန်ကင်းမြို့နယ် ရန်ကင်းပညာရေးကောလိပ်၌ ကျောင်းသား ကျောင်းသူ ၅၅ ဦးတို့ကလည်းကောင်း၊ လမ်းမတော်မြို့နယ် အမှတ် (၁)အခြေခံပညာအထက်တန်းကျောင်း၌ အခြေခံပညာအထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၅၁ဦးနှင့် အခြေခံပညာအလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၀၉ ဦး စုစုပေါင်း ၃၇၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ **(သတင်းစဉ်)**

ဇွန် ၁၀ရက်က ဗဟန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးနှင့် အမျိုးသမီးရေးရာအဖွဲ့တို့၏ ပညာသင်ထောက်ပံ့ငွေ ပေးအပ်ပွဲအခမ်းအနားကို မြို့နယ်အသင်းရုံး၌ကျင်းပရာ မြို့နယ်အသင်းဥက္ကဋ္ဌ ဒေါ်နိုင်နိုင်အောင်၊ မြို့နယ်ပညာရေးမှူး ဒေါ်မြင့်မြင့်ကြည်နှင့် အမှုဆောင်များက မြို့နယ်အတွင်းရှိ အထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းသားကျောင်းသူ ၆၅၃ဦးကို ကျောင်းဝတ်စုံ၊ စာရေးကိရိယာများနှင့်ထောက်ပံ့ငွေများပေးအပ်စဉ်။ (က-ပ)

တရုတ်နိုင်ငံ စင်ကျင်းအူဂါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ထုလုပ်ထားသော သဲပန်းပုရုပ်တုများကို ဇွန် ၉ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ခိုင်မာလာစေရန် ဗီယက်နမ်နှင့်ကျူးဘားလွှတ်တော်ဥက္ကဋ္ဌများ ဆွေးနွေး

ဟနွိုင်း ဇွန် ၁၀

နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်ရန်အတွက် ဗီယက်နမ်နိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော ကျူးဘားအမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ရီကာဒိုအလာကွန်ကွီဆာဒါနှင့် ဗီယက်နမ်အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ငုရင်ဖူတန်တို့ ဟနွိုင်းမြို့တွင် ဇွန် ၈ရက်၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ဗီယက်နမ်နှင့် ကျူးဘားနှစ်နိုင်ငံအကြား နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ခိုင်မာရေးအတွက် ရီကာဒိုအလာကွန်ကွီဆာ၏ ယခုခရီးစဉ်သည် များစွာအထောက်အကူ ပေးမည်ဖြစ်ကြောင်း ဗီယက်နမ်အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ငုရင်ဖူတန်ကပြောကြားသည်။ အလာကွန်အနေဖြင့် ဗီယက်နမ်နိုင်ငံသို့ ဇွန် ၇ ရက်က ရောက်ရှိလာခြင်းဖြစ်ပြီး ရှစ်ရက်ကြာ နေထိုင်လည်ပတ်ခြင်းဖြစ်သည်။ မိမိတို့နှစ်နိုင်ငံသည် ညီရင်းအစ်ကို ဆက်ဆံရေးရှိနေသည်ကိုကမ္ဘာ့နိုင်ငံများကကောင်းစွာသိရှိထားကြောင်းလည်း ရီကာဒိုအလာကွန်ကွီဆာဒါက ပြောကြားသည်။

တွေ့ဆုံဆွေးနွေး

ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး နွန်ဒတ်မန်အနေဖြင့် မကြာမီရက်များကကျူးဘားနိုင်ငံသို့အလည်အပတ်ခရီး ရောက်ရှိခဲ့စဉ်က ကျူးဘားသမ္မတ ဖီဒယ်ကက်စထရိုနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ထိုင်းနိုင်ငံတစ်ဝန်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွား ၁၄ ဦးသေဆုံး၊ တစ်သောင်းကျော် ရောဂါခံစားရ

ဗန်ကောက် ဇွန် ၁၀

ထိုင်းနိုင်ငံတစ်ဝန်း၌ ယခုနှစ်တွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ လူတစ်သောင်းကျော်အထိရှိလာပြီး ၁၄ဦးသေဆုံးခဲ့ကြောင်း ထိုင်းပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနက ဇွန် ၇ ရက်၌ ကြေညာသည်။

ပြောကြား

ဇွန် ၇ ရက်အထိ သွေးလွန်တုပ်ကွေးဖြစ်သူပေါင်း ၁၁၅၇၄ ဦးရှိခဲ့ပြီး အများစုမှာ အသက် ၁၀ နှစ်မှ ၂၄နှစ်အတွင်း ရှိကြသူများဖြစ်ကြောင်း၊အထူးသဖြင့် ထိုင်းနိုင်ငံအလယ်ပိုင်း၊ အရှေ့မြောက်ပိုင်းနှင့် တောင်ပိုင်းဒေသများ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ကျန်းမာရေးတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

စိုးရိမ်ပူပန်

ဇူလိုင်လသည် သွေးလွန်တုပ်ကွေးအဖြစ်အများဆုံး ရာသီဖြစ်သည်။ ယခုနှစ်တွင် မိုးဦးကျစောခဲ့၍ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု ပိုမိုစိုးရိမ်မှု ဖြစ်ခဲ့ရကြောင်း အဆိုပါတာဝန်ရှိသူ၏ ပြောကြားချက်ကို ဒေသဆိုင်ရာ ရေဒီယိုက ကိုးကား ထုတ်လွှင့်သွားသည်။

ဖြစ်ပွား

သွေးလွန်တုပ်ကွေးရောဂါ သယ်ဆောင်သော ခြင်များသည် မိုးရာသီကာလအတွင်း ပေါက်ဖွားမှု အများဆုံးဖြစ်ကြောင်း၊ အထူးသဖြင့် ထိုင်းနိုင်ငံတောင်ဘက်ဖျား ပြည်နယ်သုံးခု၌ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ရှိ အထည်ချုပ် စက်ရုံတစ်ရုံ၏ လုပ်ငန်းခွင် တစ်နေရာကို ဇွန် ၉ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဗီယက်နမ်၌ မော်တော်ကားရောင်းချမှုမြင့်တက်

ဟနွိုင်း ဇွန် ၁၀

ဗီယက်နမ်နိုင်ငံ၏ မော်တော်ကားအရောင်းဈေးကွက်သည် ယခုနှစ်ပထမငါးလအတွင်း မော်တော်ကားစီးရေ၂၂၄၄၅ ရောင်းချနိုင်ခဲ့ရာ ယခင်နှစ်အလားတူကာလကထက် ၈၅ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း ပြည်တွင်းစက်မှု ကုန်ထုတ်လုပ်ငန်းအဖွဲ့က ဇွန် ၈ ရက်၌ သတင်းဖော်ပြသည်။

တိုးမြင့်

မေလတစ်လတည်း၌ မော်တော်ကားစီးရေပေါင်း ၅၅၈၀ ရောင်းချနိုင်ခဲ့သည်။ ၂၀၀၆ ခုနှစ် မေလကထက် ၅၉ ရာခိုင်နှုန်း တိုးမြင့်ကြောင်း ဗီယက်နမ် မော်တော်ကား ထုတ်လုပ်မှုအဖွဲ့က ပြောကြားသည်။

ယခုနှစ် ဇန်နဝါရီနှင့် မေလအတွင်း ဗီယက်နမ်နိုင်ငံ၏ မော်တော်ကားအရောင်းဈေးကွက်၌ တိုယိုတာ၊ ပြည်တွင်းထုတ်ဘတ်စ်ကားနှင့် ထရပ်ကားများမှာ အရောင်းရဆုံးဖြစ်သည်။

အသုံးပြုနိုင်

ဗီယက်နမ်နိုင်ငံသည် လူဦးရေ ၈၃သန်းကျော်ရှိရာ မှတ်ပုံတင်ထားသော မော်တော်ကား ထုတ်လုပ်ရေး ဖက်စပ်ကုမ္ပဏီ ၁၃ခု ရှိပြီး အမေရိကန်ဒေါ်လာသန်း ၇၀၀ ဖိုးရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အီရတ်နိုင်ငံ ဘာကူဘာမြို့၌ တိုက်ခိုက်မှု ၁၄ဦးသေဆုံး၊ လေးဦး ပြန်ပေးဆွဲခံရ

ဘဂ္ဂဒက် ဇွန် ၁၀

အီရတ်နိုင်ငံ ဒီယာလာပြည်နယ် ဘာကူဘာမြို့ မြို့နယ်ရဲတပ်ဖွဲ့မှူး အလီဒဲယန်အာမက်၏နေအိမ်ကို ဇွန်၈ရက်က သေနတ်သမားများ တိုက်ခိုက်သဖြင့် ၎င်း၏ဇနီးအပါအဝင် ၁၄ဦးသေဆုံးသည်။ သေနတ်သမားများက မြို့နယ်မှူး၏ကလေး လေးဦးကို ပြန်ပေးဆွဲသွားသည်ဟု ရဲတပ်ဖွဲ့သတင်းရပ်ကွက်က ပြောကြားသည်။

သေဆုံးသူများတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး၏ ညီနှစ်ဦး ပါဝင်ကြောင်း သိရသည်။ ဘဂ္ဂဒက်မြို့တော် မြောက်ဘက် ဘာကူဘာမြို့ အရှေ့တောင်ပိုင်း ကာနားရှိ သူ၏နေအိမ်၌ သေနတ်သမားများ တိုက်ခိုက်ချိန်တွင် မြို့နယ်ရဲတပ်ဖွဲ့မှူး အာမက်ကိုယ်တိုင် ရှိမရှိ မသိရသေးဟုဆိုသည်။

အဖြစ်ပွားဆုံး

ဒါယာလာပြည်နယ်သည် အီရတ်နိုင်ငံ၌ အကြမ်းဖက် တိုက်ခိုက်မှုများ အဖြစ်ပွားဆုံး ပြည်နယ်တစ်ခု ဖြစ်သည်။ မကြာမီကပင် နောက်ထပ် အမေရိကန်တပ်ဖွဲ့ဝင် ၃၀၀၀ခန့် ဒါယာလာပြည်နယ်သို့ ပေးပို့ထားသည်။

အမ်အင်န်အေ၊ရိုက်တာ

ထိုင်းနိုင်ငံတောင်ပိုင်း၌ ဗုံးခွဲတိုက်ခိုက် တစ်ဦးသေဆုံး၊ ၂၃ ဦးဒဏ်ရာရ

ယာလာ ဇွန် ၁၀

ထိုင်းနိုင်ငံတောင်ပိုင်း ယာလာမြို့တွင်း လက်ဖက်ရည်ဆိုင်တစ်ဆိုင်အနီး၌ ဇွန်၈ရက်က ဗုံးတစ်လုံးပေါက်ကွဲသဖြင့် အမျိုးသမီးတစ်ဦး သေဆုံးပြီး ၂၃ ဦး ဒဏ်ရာရသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

သုံးကီလိုရှိသော ဗုံးကို အဝေးထိန်းကိရိယာဖြင့် ဖောက်ခွဲခြင်းဖြစ်သည်ဟု သိရသည်။ ထိုင်းနိုင်ငံတောင်ပိုင်း၌ ခွဲထွက်ရေး ပုန်ကန်မှုကြောင့် ၄၁လအတွင်းတွင် လူပေါင်း၂၃၀၀ကျော် သေဆုံးရသည်။

အမ်အင်န်အေ၊ရိုက်တာ

အိန္ဒိယနိုင်ငံ ဟိုက်ဒရာဘတ်မြို့ရှိ တိရစ္ဆာန်ဥယျာဉ်တွင် မွေးမြူထားသော ဒေါင်းဖြူတစ်ကောင်ကို ဇွန် ၉ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ကိုယ်အင်္ဂါအစိတ်အပိုင်းများ ရောင်းချရန် လူသတ်မှု အိန္ဒိယရဲတပ်ဖွဲ့က ဖော်ထုတ်ဖမ်းဆီး

နယူးဒေလီ ဇွန် ၁၀

အိန္ဒိယနိုင်ငံ၌ ဆရာဝန်တစ်ဦးထံသို့ ကျောက်ကပ်၊ အသည်းနှင့် ကိုယ်အင်္ဂါအစိတ်အပိုင်းများ ရောင်းချရန် အသက်ကိုးနှစ်အရွယ် ယောကျ်ားလေးတစ်ဦးအား သတ်ခဲ့သူ နှစ်ဦးကို ရဲတပ်ဖွဲ့က ဖမ်းဆီးလိုက်ကြောင်း သတင်းစာများက ဇွန် ၈ရက်တွင် ရေးသားဖော်ပြသည်။

ပျောက်ဆုံး

ပါဗက်ဇ်အလမ်အမည်ရှိ အဆိုပါကလေးသည် ဧပြီလက ဘီဟာပြည်နယ်အရှေ့ပိုင်း ၎င်း၏ရွာမှ ပျောက်ဆုံးသွားခဲ့ကြောင်း၊ ၎င်း၏အလောင်းကို မကြာသေးသည့်ရက်များက အဆိုပါဒေသရှိ ပြောင်းဖူးခင်း တစ်ခင်း၌ တွေ့ရှိခဲ့ကြောင်း အိန္ဒိယသတင်းစာများက ရေးသားဖော်ပြသည်။

ဖမ်းဆီးခံရ

အသက် ၂၀ရှိ တရားခံ လူတစ်ဦးကို နယူးဒေလီမြို့၌ ရဲတပ်ဖွဲ့ကဖမ်းဆီးလိုက်ခြင်းဖြစ်ကြောင်း၊ ၎င်းသည် အထက်ပါလူသတ်မှုတွင် ပါဝင်ခဲ့ကြောင်း၊ ယင်းကလေးကိုသတ်ခြင်းမှာ ဘီဟာပြည်နယ်ရှိ ဆရာဝန်တစ်ဦးသို့ ရောင်းချရန် ကလေး၏ ကိုယ်အင်္ဂါအစိတ်အပိုင်းများ ထုတ်ယူခဲ့ကြောင်း၊ ဘီဟာပြည်နယ်၌ ၎င်း၏အစ်ကိုဖြစ်သူမှာ ယင်းလူသတ်မှုဖြင့် အစောပိုင်းက ဖမ်းဆီးခံရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

စက်မှုလုပ်ငန်းဖွံ့ဖြိုးလာသည်နှင့်အမျှ လောင်စာဆီသုံးစွဲမှုမြင့်တက်လာ ခြီစည်းရိုးကြက်ဆူပင်များစိုက်ပျိုးပြီး လောင်စာဆီနေရာတွင် အစားထိုး

ပေးအပ်လှူဒါန်း

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေထံ မဟာအတုလ သဒ္ဓမ္မရံသီ သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်ရေးအတွက် အလှူရှင်တစ်ဦးက အလှူငွေများပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇွန် ၁၀

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့၌ကျင်းပသည့် ရန်ကုန်တောင်ပိုင်းခရိုင် ခြီစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲသို့ တက်ရောက်အမှာစကားပြောကြား၍ ခြီစည်းရိုးကြက်ဆူပင်စိုက်ပျိုးပေးပြီး သန်လျင်စံပြမြို့ တည်ဆောက်ရေးဆောင်ရွက်မှုအခြေအနေ ရှင်းလင်းတင်ပြပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားကာ မဟာအတုလ သဒ္ဓမ္မရံသီ သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်ရေး တတိယအကြိမ်အလှူတော်ငွေ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီး အလှူငွေများလက်ခံသည်။

အမှာစကား

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် နံနက်၁၁နာရီတွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် နည်းပညာတက္ကသိုလ်၌ ကျင်းပသည့် ရန်ကုန်တောင်ပိုင်းခရိုင် ခြီစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲသို့ တက်ရောက် အမှာစကားပြောကြားပြီး ခြီစည်းရိုးကြက်ဆူပင် စိုက်ပျိုးပေးသည်။

တက်ရောက်

ခြီစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှငွေးဝင်း၊ သန်လျင် တပ်နယ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးလှစိုး၊ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တောင်ပိုင်းခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နည်းပညာတက္ကသိုလ် ပါမောက္ခချုပ်နှင့် ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာများမှ ပြည်သူများ တက်ရောက်ကြသည်။

ကျင်းပ

အခမ်းအနားတွင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အမှာစကားပြောကြားရာ၌ ယခုကဲ့သို့ မိုးရာသီရောက်လာတိုင်း မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် သစ်ပင်စိုက်ပျိုးပွဲများ ကျင်းပကြပြီး သစ်ပင်စိုက်ပျိုးပွဲနှင့်အတူ ခြီစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲများကိုလည်း တစ်ပါတည်း ကျင်းပလျက်ရှိကြောင်း၊ ထို့အတူ ရန်ကုန်တိုင်းတွင်လည်း သစ်ပင်စိုက်ပျိုးပွဲနှင့်အတူ ခြီစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲကိုလည်း တစ်ပါတည်းကျင်းပခဲ့ခြင်းဖြစ်ကြောင်း။

တွက်ဆထား

ယနေ့ကမ္ဘာတွင် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ လောင်စာဆီ သုံးစွဲမှုမှာလည်း အဆမတန် မြင့်တက်လာကြောင်း၊ မြေအောက်ရှိ ရေနံသယံဇာတကို အဆမတန် ထုတ်ယူသုံးစွဲလျက်ရှိသဖြင့် နောင်အနှစ် ၄၀-၅၀ခန့်တွင် မြေအောက်ရှိ ရေနံနှင့် သဘာဝဓာတ်ငွေ့သယံဇာတများ ကုန်ခန်းသွားလိမ့်မည်ဟု ပညာရှင်များက တွက်ဆထားကြကြောင်း။

ပြည်ပသို့ရောင်းချနိုင်ရေး

ယခုအခါ လောင်စာဆီတန်ဖိုးများ တဖြည်းဖြည်း ကြီးမြင့်လာသဖြင့် ကုန်ထုတ်စရိတ်များ မြင့်မားလာကြောင်း၊ မြန်မာနိုင်ငံ၌ ကြီးမြင့်လာသော လောင်စာဆီနေရာတွင် အစားထိုး အသုံးပြုနိုင်ရန်အတွက် ပြန်ပြည့်မြဲစွမ်းအင်ဖြစ်သော ခြီစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးသုံးစွဲရန် ဆောင်ရွက်လျက်ရှိကြောင်း၊ လောင်စာဆီရှားပါးနေချိန်တွင် ခြီစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးပြီး တန်ဖိုးကြီးမြင့်လျက်ရှိသော လောင်စာဆီနေရာတွင် အစားထိုး အသုံးပြုရန်နှင့် ပိုလျှံပါက ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း။

ထိန်းသိမ်းရန်လို

ကမ္ဘာတစ်ဝန်းလုံးတွင် လေထုညစ်ညမ်းမှုများဖြစ်ထွန်းခြင်း၊ အက်စစ်မိုးများ ရွာသွန်းခြင်း၊ ကမ္ဘာကြီးပူနွေးလာခြင်းတို့ကြောင့် ရာသီဥတုများ ဖောက်ပြန်ယိုယွင်းလာကြောင်း၊ **"ဥတုရာသီ တောကိုမှီ"** ဆိုသည့်စကားအတိုင်း ရာသီဥတုကို ထိန်းသိမ်းနိုင်သည့် သစ်တော၊ သစ်ပင်များ စိုက်ပျိုးထိန်းသိမ်းရန် လိုအပ်လာကြောင်း။

ရှေးလူကြီးများဆိုရိုးစကားအရ သစ်ပင်စိုက်ပျိုးရန်အကောင်းဆုံး အချိန်မှာ လွန်ခဲ့သည့်အနှစ်၂၀က ဖြစ်ပြီး ဒုတိယအကောင်းဆုံးအချိန်မှာ ယခုပင်ဖြစ်ကြောင်းဖြင့် ပြောကြကြောင်း၊ ထို့ကြောင့် အနာဂတ်မျိုးဆက်သစ်များအတွက် သစ်ပင်စိုက်ပျိုးပွဲနှင့် ခြီစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲများ ကျင်းပခြင်းဖြစ်ကြောင်း။

ကြိုးပမ်း

နိုင်ငံတော်က မိမိတို့ ရန်ကုန်တိုင်းကို ခြီစည်းရိုးကြက်ဆူပင် ဧကငါးသိန်း စိုက်ပျိုးရန် လျာထား သတ်မှတ်ပေးထားကြောင်း၊ ရန်ကုန်တိုင်းအနေဖြင့် မြေကွက်မြေလပ်ရှားပါးသဖြင့် ယခင်နှစ်က ဧကသုံးသောင်းကျော်သာ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ယခုနှစ်တွင် ဧက ၇၄၉၅ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ဧကတစ်သိန်း စိုက်ပျိုးနိုင်ရေးအတွက် ကြိုးပမ်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးသည့်အပင်များကို ရှင်အောင် စိုက်ပျိုး၊ ကြီးအောင်ပြုစု၊ မြဲအောင် ထိန်းသိမ်းသွားရမည်ဖြစ်ကြောင်း။

"ဘုရား၊ ကျောင်း၊ ကန်၊ စေတီရံလည်း သစ်ပင်ရှိမှ ပန်းရလိမ့်" ဆိုစကားရှိရာ သစ်ပင်စိုက်ပါက ကုသိုလ်လည်းရ၊ အကျိုးလည်းရှိကြောင်း၊ သစ်ပင်သစ်တောများ ရတနာတန်းဝင် သစ်ပင်များ၊ အရိပ်ရပင်၊ လေကာပင်များ၊ ပန်းပင်နှင့် နှစ်တို၊ နှစ်ရှည်ပင်များ၊ ခြီစည်းရိုးကြက်ဆူပင်များ၊ စိုက်ပျိုးခြင်းသည် နောင်လာနောက်သားများအတွက် အမွေကောင်းပေးနေခြင်းလည်းဖြစ်ကြောင်းဖြင့် အကျယ်တဝင့် ပြောကြားသည်။

ပေးအပ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ဌာနဆိုင်ရာများ၊ ဆရာဆရာမများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား ခြီစည်းရိုးကြက်ဆူ ပျိုးပင်များပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်လှငွေးဝင်း၊ သန်လျင် တပ်နယ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန်၊ တိုင်းအတွင်းရေးမှူး ဦးလှစိုးနှင့် တာဝန်ရှိသူများက ခြီစည်းရိုးကြက်ဆူပျိုးပင်နှင့် မျိုးကိုင်းများကို ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ လူမှုရေးအသင်းအဖွဲ့များသို့ ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ခြီစည်းရိုးကြက်ဆူပျိုးပင်ကို စိုက်ပျိုးပေးသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်လှငွေးဝင်းနှင့် တာဝန်ရှိသူများက ခြီစည်းရိုးကြက်ဆူပျိုးပင်များ စိုက်ပျိုးပေးကြသည်။

ကြည့်ရှုအားပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး ဗိုလ်ချုပ်လှငွေးဝင်းနှင့် အဖွဲ့ဝင်များက ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်ကျေးရွာနေ ပြည်သူများက မြေ ၇ဒသမ၅၀ဧကေ၌ ခြီစည်းရိုးကြက်ဆူပင် ၉၀၀၀ ကို တပျော်တပါး စိုက်ပျိုးနေသည်များကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် နံနက် ၁၁နာရီခွဲတွင် သန်လျင်မြို့ရှိ ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရှင်စောပုခန်းမ၌ ကျင်းပသည့် သန်လျင်စံပြမြို့တည်ဆောက်ရေး ဆောင်ရွက်မှုအခြေအနေ ရှင်းလင်းတင်ပြပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် ရှေးဦးစွာ ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်ဝင်းက သန်လျင်စံပြမြို့ တည်ဆောက်ရေးအတွက် စိမ်းလန်းစိုပြည်သော သန်လျင်မြို့ဖြစ်ပေါ်လာရေး၊ သန့်ရှင်းသပ်ရပ်သော သန်လျင်မြို့ ဖြစ်ပေါ်လာရေး၊ ကျန်းမာရေးနှင့် ပြည့်စုံသော သန်လျင်မြို့ ဖြစ်ပေါ်လာရေးနှင့် လုံခြုံမှုရှိသော သန်လျင်မြို့ ဖြစ်ပေါ်လာရေးအတွက် လုပ်ဆောင်မည့် အစီအစဉ်၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးက မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်မည့် ကတ္တရာလမ်း ငါးလမ်းနှင့် တံတားနှစ်ခု တည်ဆောက်မည့်အစီအစဉ်၊ မြို့ရေပေးဝေရေးအတွက် ရေပိုက်လိုင်းသွယ်တန်းခြင်း၊ ကျေးလက်မြေသားလမ်းနှင့် ဂဝံလမ်း ဖောက်လုပ်မည့် အစီအစဉ်၊ ကျေးလက်တံတားနှင့် ကျေးလက်ရေပေးဝေရေး အစီအစဉ်များနှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ခရိုင် အင်ဂျင်နီယာမှူး ဦးမြသက်အောင်က ဘုရားလမ်းတိုးချဲ့ ဖောက်လုပ်မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

မှာကြား

ရှင်းလင်း တင်ပြသည်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လမ်းညွှန်ဆိုင်းဘုတ်များ စနစ်တကျရှိရေး၊ အရိပ်ရပင်၊ လေကာပင်နှင့် ပန်းအလှပင်များ၊ ရတနာတန်းဝင် သစ်ပင်များ စိုက်ပျိုးရေး စသည်တို့နှင့် စပ်လျဉ်း၍ တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်လှငွေးဝင်းက မြို့ကွက် စနစ်ကျနရေးအတွက်ဆောင်ရွက်မှု၊ ဘဏ္ဍာငွေရရှိရေးဆောင်ရွက်မှု၊ စိမ်းလန်းစိုပြည်သော မြို့ဖြစ်ရန် သစ်ပင်ပန်းပင်များ လက်ဦးမှုရယူကာ စိုက်ပျိုးပြီးစီးမှု၊ သန့်ရှင်းသော မြို့ဖြစ်ရန် ခေတ်မီ အမှိုက်သိမ်းစနစ် ဆောင်ရွက်ထားရှိမှု၊ ကျန်းမာရေးနှင့် ပြည့်စုံသောမြို့ဖြစ်ရန် ရေစီးရေလာကောင်းမွန်အောင် ဆောင်ရွက်မှု၊ လုံခြုံသောမြို့ဖြစ်ရန် လုံခြုံရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ဆောင်ရွက်ထားမှုများနှင့်စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆုများပေးလျက်ရှိ

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အမှာစကားပြောကြားရာတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနက မြန်မာနိုင်ငံတစ်နိုင်ငံလုံးရှိ စည်ပင်သာယာရေး ဦးစီးဌာနမှ တာဝန်ယူ ဆောင်ရွက်လျက်ရှိသောမြို့များထဲမှ စံပြမြို့များ သတ်မှတ်ပြီး ဆုများ ပေးလျက်ရှိကြောင်း။

ရန်ကုန်တိုင်းတွင် မြို့နယ် ၄၅ မြို့နယ်ရှိသည့်အနက် စည်ပင်သာယာရေးဦးစီးဌာနက တာဝန်ယူထားသည့် မြို့နယ် ၁၂မြို့နယ်ရှိကြောင်း၊ ယင်း၁၂ မြို့နယ်ထဲတွင် သန်လျင်မြို့နယ် ပါသင့်ကြောင်း၊ သန်လျင်မြို့မှာ ယခင်ကပင် သန့်ရှင်းသာယာသော မြို့ဖြစ်ကြောင်း၊ သိသိသာသာ ဝိုင်းဝန်းကြိုးစားလျှင် သန်လျင်မြို့မှာ စံပြမြို့ဖြစ်ပြီး ဆုရလာနိုင်ကြောင်း။

ယင်းသို့ ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာများသာမက သန်လျင်မြို့သူ မြို့သားများကလည်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပါက သန်လျင်မြို့မှာစံပြမြို့ ဖြစ်လာမည်ဖြစ်ကြောင်း၊ သို့ပါ၍ အားလုံးက စံပြမြို့ဖြစ်စေရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန် မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လက်ခံ

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် မွန်းလွဲ ၁နာရီတွင် သန်လျင်မြို့ ကျိုက်ခေါက်ဘုရားလမ်းနှင့် သမဝါယမဒီဂရီကောလိပ် လမ်းထောင့်ရှိ မဟာအတုလ သဒ္ဓမ္မရံသီ သာသနာ့ဗိမာန်တော်ကြီး၌ကျင်းပသည့် မဟာအတုလ သဒ္ဓမ္မရံသီ သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်ရေး တတိယအကြိမ် အလှူတော်ငွေပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီး အလှူငွေများ လက်ခံသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှငွေးဝင်း၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ တပ်မတော် အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ ၊ ဗိမာန်တော် တည်ဆောက်ရေး အုပ်ချုပ်မှုကော်မတီဝင်များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မဟာအတုလ သဒ္ဓမ္မရံသီ သာသနာ့ဗိမာန်တော် တည်ဆောက်ရေး အုပ်ချုပ်မှုကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်စိုး(အငြိမ်းစား) က သာသနာ့ဗိမာန်တော် တည်ဆောက်မှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ပြောကြား

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှငွေးဝင်းက အမှာစကား ပြောကြားသည်။

ဂုဏ်ပြုမှတ်တမ်းလွှာပေး

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေထံ အလှူရှင်များဖြစ်ကြသော ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှငွေးဝင်းက ငွေကျပ်ငါးသိန်း၊ သန်လျင်တပ်နယ်ရှိ တပ်မတော်(ရေ)အရာရှိစစ်သည်မိသားစုများကိုယ်စား တပ်နယ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန်က ငွေကျပ်ငါးသိန်း၊ သီရိသုဓမ္မ မဏိဇောတဓရ ဦးညွန့်ဌေး-သီဟသုဓမ္မသိင်္ဂီ ဒေါ်နီလာရွှေမိသားစုက ငွေကျပ်သိန်း၆၀၊ သန်လျင်မြို့ရှိ ကုန်စုံဆိုင်မိသားစုများက ငွေကျပ် ၅၅သိန်း၊ ဦးမောင်ကိုနှင့် ဦးသော်ဇင်ထက် (ဇင်ထက် ဆောက်လုပ်ရေးနှင့် အလှဆင်လုပ်ငန်း)က ငွေကျပ်သိန်း ၃၀နှင့် သန်လျင်မြို့နေ ဦးစိန်လွင်-ဒေါ်ဖြူဖြူခိုင်မိသားစုက ငွေကျပ် ၁၈သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

လှူဒါန်း

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှငွေးဝင်းထံ အလှူရှင်များဖြစ်ကြသော နှစ်ဖက်ဘိုးဘွားနှင့် ဖခင်တို့အား ရည်စူး၍ ကြည်မိသားစု သံပန်း၊ သံတံခါးနှင့် အထွေထွေ စက်မှုလက်မှုလုပ်ငန်းက ငွေကျပ်၁၅သိန်း၊ ဦးခင်ဇော် (Ever Smile Trading Co., Ltd.) က ငွေကျပ် ၁၃သိန်း၊ ဦးသန်းထွန်း-ဒေါ်မိုးမိုးသင်း မိသားစုက ငွေကျပ် ၁၂၈၁၀၀၊ ဦးအောင်သန်းဦး-ဒေါ်အေးမြင့်မိသားစု(ပင်လယ်ကုန်သွယ်ရောင်းဝယ်ရေး)နှင့် ဦးဌေးဝင်း-ဒေါ်ဝင်းဝင်းကြိုင်(နီလာမင်းရွှေဆိုင်) တို့က ငွေကျပ် ၁၂သိန်းစီ၊ ဦးအောင်သန်း-ဒေါ်ကြည်အေး မိသားစုက ငွေကျပ် ၁၀ သိန်း၊ သန်လျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ရန်ကုန်တောင်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့တို့က ငွေကျပ် တစ်သိန်းစီတို့ကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် အလှူရှင်များက အလှူငွေများ ဆက်လက်ပေးအပ်လှူဒါန်းကြရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ သန်လျင်တပ်နယ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန်နှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လှူဒါန်းငွေ

ယနေ့ အလှူငွေပေးအပ်ပွဲအခမ်းအနားတွင် အလှူရှင်များက လှူဒါန်းငွေ စုစုပေါင်းမှာ ကျပ် ၇၈၅၂၄၀၀၀ ဖြစ်သည်။ **(သတင်းစဉ်)**

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၂၂)ဖြန့်ချိ

ရန်ကုန် ဇွန် ၁၀

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၂၂)တွင် ဆရာကိုကို(စက်မှုတက္ကသိုလ်)၏ အွန်စောတို့ဌာနေ အခန်းဆက်ခရီးသွားဆောင်းပါး၊ နန်တာ (သို့မဟုတ်)ဆိုးလ်၏ မော်ဒန်အော်ပရာနှင့်အတူ ငယ်သော်လည်း လှနေဆဲလေးဘီး၊ ဆန်ဈေးမြင့်တင်ရောင်းချခြင်းမပြုရန် သတိပေး၊ တောင်ကိုရီးယားတက္ကသိုလ် ပညာသင်ဆုလျှောက်ထားနိုင်ပြီ၊ ရှေ့နေသို့လွှဲအပ်သည့် အချက်အလက်များမပြည့်စုံ၍ တရားလို တရားပြိုင် အပြန်အလှန်ကန့်ကွက်မှုများဖြစ်ရာ၊ မြန်မာနိုင်ငံ၌ တစ်လလျှင် ယာဉ်တိုက်မှုအကြိမ်တစ်ရာခန့်ရှိနေ၊ အနော်ရထာမင်းလက်ရေးမှု စုဆောင်းလိုသူများ သက်သာသောနှုန်းထားဖြင့် ဝယ်ယူနိုင် စသည့် ပြည်တွင်းရေးရာသတင်းများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

ဖြန့်ချိ

ချန်ပီယံဘွဲ့ဆက်လက်ထိန်းဖို့ အပြောင်းအရွှေ့ဈေးကွက်မှာ လှုပ်ရှားနေတဲ့ မန်ချက်စတာ အားကစားဆောင်းပါးနှင့်အတူ ယဉ်ကျေးမှုပို့ကုန်အဖြစ် တောင်ကိုရီးယားသည် ဘရိတ်ဒန့်စ်ကိုစင်တင်လာ၊ မလေးရှား၏ လူနေမှုစရိတ်ကျဉ်းမှုကပြည်ပတက္ကသိုလ်ပညာရေးအတွက် အားသာချက်ဖြစ်၊ ရှေ့နှစ်ထဲတွင် ကမ္ဘောဒီးယားသည် ဆန်ပို့ကုန်တွင် ဦးဆောင်သူဖြစ်လာနိုင်၊ နယူးယောက်လေဆိပ် လေယာဉ်ဆီဖြည့်ပိုက်လိုင်း ဖောက်ခွဲရေးအကြံအစည် ဖော်ထုတ်ဖြိုခွင်းနိုင် စသည့် နိုင်ငံတကာရေးရာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးနှင့် အားကစားကဏ္ဍစုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၁-၆-၂၀၀၇ ရက် (တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ အဘိဓေ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇း၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၈း၁၀ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈း၂၀ ၇။ အဆိုပြိုင်ပွဲ
- ၈း၃၀ ၈။ International News
- ၈း၄၅ ၉။ Grammar made Easy

ညပိုင်း

- ၁၆း၀၀ ၁။ စစ်ချီတေး စစ်သည်တေး
- ၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆း၃၀ ၃။ Practice in Reading
- ၁၆း၄၀ ၄။ တေးဂီတအစီအစဉ်
- ၁၆း၅၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(ဓာတုဗေဒ၊ သတ္တဗေဒအထူးပြု) [ဓာတုဗေဒ]
- ၁၇း၁၀ ၆။ အကပဒေသာ
- ၁၇း၂၀ ၇။ မြန်မာစာ မြန်မာစကား
- ၁၇း၃၀ ၈။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခြင်း)
- ၁၇း၄၅ ၉။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအဆိုအကများ
- ၁၇း၅၀ ၁၀။ **ချောင်းကမ်းဘေးကရွာကလေး** နွဲ့နွဲ့စန်း၊ မြင့်မြင့်ခိုင်၊ ထင်ပေါ်၊ သဇင် [ဒါရိုက်တာ-မြင့်စိုး (ဝ/သ ရန်ကုန်)]
- ၁၈း၀၀ ၁၁။ ညနေခင်းသတင်း
- ၁၈း၃၀ ၁၂။ မိုးလေဝသအခြေအနေ
- ၁၈း၃၅ ၁၃။ အလှရှာမယ် လှကမ္ဘာဝယ်
- ၁၉း၀၀ ၁၄။ မှုဟန်သွယ်သွယ်ဆိုကြမယ်
- ၁၉း၁၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **သန်းတစ်ရာရွှေအိပ်မက်** (အပိုင်း-၆)
- ၂၀း၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရေသူမလေး ဒုတိယချစ်ပုံပြင်** (အပိုင်း-၁၇)

မင်္ဂလာဈေး ဓမ္မာရုံ တရားဓမ္မသဘင်

ရန်ကုန် ဇွန် ၁၀

မင်္ဂလာဈေး သံဃာ့ဒါန ဆွမ်းလောင်းအသင်းက ဝါပဆွမ်းလောင်းပွဲအကြို အဖိတ်နေ့တရားပွဲများ ကျင်းပလျက်ရှိရာ ဇွန် ၁၃ ရက် (ဗုဒ္ဓဟူးနေ့)တွင် အရှင်ပညောဘာသ (M.A Budd:)ကလည်းကောင်း၊ ဇွန် ၂၈ ရက် (ကြာသပတေးနေ့)တွင် ဗောဓိရိပ်ငြိမ်တောရဆရာတော် အရှင်ကုန္ဒာစရိယကလည်းကောင်း မင်္ဂလာဈေး ဓမ္မာရုံ ကြားတောရလမ်း ဗဟန်းမြို့နယ်၌ ညစဉ် ၇ နာရီမှစတင်၍ ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

ရေနွေးကြမ်းသောက်ခြင်းသည် အဝလွန်မှုကို လျော့ကျနိုင်

ရေနွေးကြမ်းသောက်ခြင်းသည် အဝလွန်မှုကို လျော့ကျစေနိုင်သည့်အပြင် အဝလွန်မှုမဖြစ်ပေါ်အောင် ကြိုတင်ကာကွယ်ပေးနိုင်ကြောင်း တရုတ်သုတေသနပညာရှင်များက ပြောကြားလိုက်သည်။

ကာကွယ်နိုင်

ထို့အတူ ကလေးငယ်များကို ငါးနှစ်ကြာ သုတေသနပြု စောင့်ကြည့်ခဲ့ရာ ရေနွေးကြမ်း ပုံမှန်သောက်ခြင်းသည် ကလေးငယ်များ အဝလွန်မှုကို ကာကွယ်ပေးနိုင်ကြောင်း တွေ့ရှိရသည်ဟု ၎င်းတို့က ဆိုသည်။

ရေနွေးကြမ်းတွင်ပါဝင်သော ပိုလီဖီနောဓာတ်ပေါင်းသည် လူတို့၌ဖြစ်ပေါ်နေသော အဝလွန်မှုနှင့် အဆီများကို လျော့ချ ချေဖျက်ပေးနိုင်ကြောင်း တရုတ် သုတေသနပညာရှင်များ၏ တွေ့ရှိချက်ကို ချိုင်းနားဒေလီ သတင်းစာ၌ ဖော်ပြထားသည်။

လေ့လာခဲ့

ထို့အပြင် ရေနွေးကြမ်းနှင့် ကိုယ်အလေးချိန်လျော့ကျမှုသည် ဆက်စပ်မှုရှိကြောင်း တရုတ်ပညာရှင်များက နှစ်ကာလအတန်ကြာကပင် လေ့လာတွေ့ရှိထားခဲ့ကြသည်။

ရေနွေးကြမ်းသောက်ခြင်းသည် ခန္ဓာကိုယ်တွင်း သွေးကြောလေကြောများ ပွင့်စေသည့်အပြင် အဝလွန်မှုကိုလည်း ထိန်းချုပ်နိုင်ကြောင်း တရုတ်သုတေသနပညာရှင်များက အတည်ပြုပြောကြားထားသည်။

NLD ပါတီ၏လုပ်ရပ်များကို ကြိုက်နှစ်သက်မှုမရှိ ပါတီနှင့်ပါတီခေါင်းဆောင်များအပေါ် ယုံကြည်မှုမရှိတော့သဖြင့် မတ္တရာမြို့နယ်မှ ပါတီဝင်တစ်ဦး နုတ်ထွက်

ရန်ကုန် ဇွန် ၁၀

မန္တလေးတိုင်း မတ္တရာမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်တစ်ဦးဖြစ်သူ ဦးမောင်မောင်အေးသည် ဇွန် ၄ ရက်တွင် ၎င်း၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင် အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့သည်။

မတ္တရာမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် NLDပါတီ၏လုပ်ရပ်များကို ကြိုက်နှစ်သက်မှုမရှိ၊ ပါတီနှင့် ပါတီခေါင်းဆောင်များအပေါ် ယုံကြည်မှုမရှိတော့သဖြင့် ၎င်း၏သဘောဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

ထန်းတပင်မြို့နယ်၌ အကြမ်းဖက်သောင်းကျန်းသူအဖျက်သမားများ ထောင်ထားသည့်မိုင်းနင်းမိသဖြင့် အပြစ်မဲ့ပြည်သူတစ်ဦးဒဏ်ရာရရှိ

ရန်ကုန် ဇွန် ၁၀

ပဲခူးတိုင်း ထန်းတပင်မြို့နယ် ညောင်ပင်သာကျေးရွာနေ မအေးပုံသည် ဇွန် ၆ ရက်က တောင်ပေါ်ရွာတောရကျောင်းသို့ မီးသွေးသယ်ရန်သွားရောက်စဉ် ကျောင်းဝင်းအတွင်း အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများ ထောင်ထားသည့် မိုင်းတစ်လုံးနင်းမိပြီး ဝဲဒူးအောက်ပြတ်၊ ယာဒူးနှင့် ဝဲလက်တို့ ပြတ်ရှဒဏ်ရာများရရှိခဲ့သဖြင့် တောင်ငူမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာအပြည့်အစုံ ရေးသား၍ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ ပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက်၊ အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။ ။

ရေနုတ်မြောင်း ရေစီးရေလာ ကောင်းမွန်စေချင်

စာတည်းခင်ဗျား-

ရောဝတီတိုင်း မြောင်းမြမြို့ (၅)နယ်မြေ မြိုင်မာလာရပ်ကွက်(၁)လမ်းရှိ အချို့သော နေအိမ်များသည်လမ်းနယ်မြေကို ကျူးကျော်၍ ခြံကာထားခြင်းကြောင့် ရေနုတ်မြောင်းများ တိမ်ကောကျဉ်းမြောင်းကာ ရေစီးရေလာကောင်းမွန်ခြင်းမရှိဘဲ ရေသိုး၊ ရေဆိုးများဝပ်လျက် ခြင်များပေါက်ပွားနေပါသည်။ သို့ဖြစ်ပါ၍ ရေစီးရေလာကောင်းမွန်ရေး လိုအပ်သလို စီစဉ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

မြိုင်မာလာရပ်ကွက်သား

ဆွေးမြည့် ဓာတ်တိုင် လဲပေးပါ

စာတည်းခင်ဗျား-

တောင်ဥက္ကလာပမြို့နယ် ၁၅ရပ်ကွက် ၂လမ်းရှိ လျှပ်စစ်မီးကြိုး သွယ်တန်းထားသော ဓာတ်တိုင်များမှာ ဆွေးမြည့်နေသဖြင့် အချိန်မရွေးလဲပြိုနိုင်ပြီး လျှပ်စစ် အန္တရာယ်ဖြစ်ပေါ်နိုင်ပါ၍ လဲလှယ်ပေးပါရန် တင်ပြအပ်ပါသည်။

လျှပ်စစ်အန္တရာယ်စိုးရိမ်သူ

ရေထုတ်မြွန်နှင့် မြောင်းမကြီးများ ရေစီးရေလာကောင်းစေချင်

စာတည်းခင်ဗျား-

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အဓိကလမ်းမကြီးများဖြစ်သော စည်ပင်လမ်းနှင့် ပြည်ထောင်စုလမ်းရှိ အဓိကရေထုတ်မြွန်များနှင့် မြောင်းမကြီးများမှာ ကျဉ်းမြောင်းပိတ်ဆို့နေမှုကြောင့် ပတ်ဝန်းကျင် ရပ်ကွက်များအတွင်း ရေလျှံမှုများ ဖြစ်ပေါ်နေသဖြင့် လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ဒဂုံသား

စက်ရေတွင်းမှ ရေရရှိရေး စီစဉ်ပေးပါ

စာတည်းခင်ဗျား-

တောင်ဥက္ကလာပမြို့နယ် (၆)ရပ်ကွက် အင်း၀ ၄လမ်းမှ ၈လမ်းအထိ ဂျိုးဖြူရေမရသည်မှာ သုံးနှစ်ကျော်ခဲ့ပါပြီ။ ၂၀၀၄ခုနှစ်တွင် အင်းဝလမ်း၌ ရှစ်လက်မစက်ရေတွင်းတူး၍ ရေပေးဝေခဲ့သော်လည်း ၂၀၀၆ခုနှစ် ဒီဇင်ဘာလမှစ၍ စက်ပျက်ခဲ့သည်မှာ ယနေ့တိုင် ဖြစ်ပါသည်။ ရပ်ကွက်နေပြည်သူများ ရေအခက်အခဲနှင့် ကြုံတွေ့နေရပါသဖြင့် သက်ဆိုင်ရာမှ စီစဉ်ပြုပြင်ပေးနိုင်ရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သားများ

မြိုင်သာယာမှ မီးခိုးမှိုင်းများ ကြပ်မတ်ပေးပါ

စာတည်းခင်ဗျား-

မွန်ပြည်နယ် မော်လမြိုင်မြို့ မြိုင်သာယာရပ်ကွက် ၂ လမ်း ကွမ်းသီးပေါင်း အလုပ်ရုံတစ်ခုမှ နေ့စဉ် မီးခိုးများ ထုတ်လွှတ်မှုကြောင့် ပတ်ဝန်းကျင်နေ ပြည်သူများ ညစ်ညမ်းသောလေများကို ရှူရှိုက်နေရပါ၍ ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

မြိုင်သာယာသား

အမှိုက်ပုံ ပြောင်းရွှေ့ပေးပါ

စာတည်းခင်ဗျား-

ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အမှတ် ၁၈ ရပ်ကွက် ကျန်းမာရေးမှတ်တိုင်အနီး စည်ပင်လမ်းနှင့်ဘုတ်ပြင်းလမ်းထောင့်ရှိ မြို့နယ်ကျန်းမာရေးဌာနခွဲရှေ့ အမှိုက်ပုံကြောင့် ပတ်ဝန်းကျင်တွင် အမှိုက်များ ပျံ့နှံ့နေပြီး ညစ်ပတ်လျက်ရှိပါသဖြင့် အမှိုက်ပုံနေရာကို ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။

သန့်ရှင်းစေလိုသူ

သား၊ ငါးအရောင်းဆိုင်များ ရှင်းလင်းပြီးစီး

၁၄-၅-၂၀၀၇ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **မအူပင်မြို့ (၇)ရပ်ကွက်အတွင်း လူနေအိမ်ခြံများနှင့် ကပ်လျက်ဆောက်လုပ်ထားသော သား၊ ငါးအရောင်းဆိုင်များ ရှင်းလင်းပေးပါ** ပေးစာနှင့် ပတ်သက်၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။ **(အပေါ်ပုံ)**

မြို့နယ်စည်ပင်သာယာရေးအဖွဲ့

မြို့မဈေးအနီး မြို့ရိုးပတ်လမ်းမှ ဂေါ်ဖီလှည်းတန်း ရှင်းလင်းပြီးစီး

၂-၄-၂၀၀၇ ရက်ထုတ် မြန်မာ့အလင်းသင်းစာပါ **တောင်တွင်းကြီးမြို့ မြို့မ ဈေးအနီး မြို့ရိုးပတ်လမ်းပေါ်တွင် ရပ်နားသည့် ဂေါ်ဖီလှည်းနှင့် ဈေးလှည်းတန်းများ ရှင်းပေးပါ** ပေးစာနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့

ကမ္ဘာတစ်လွှား အားကစား

ချယ်လ်ဆီးတို့ ပစ်မှတ်ထားနေသည့် ယာယာတိုရေး

လန်ဒန် ဇွန် ၁၀

ပရီမီယာလိဂ်ရာသီကုန် အပြောင်းအရွှေ့ ဈေးကွက်၌ ငြိမ်သက်နေသည့် ချယ်လ်ဆီးကလပ်က ပြင်သစ်ကလပ် မိုနာကိုမှ ကွင်းလယ်ကစားသမား ယာယာတိုရေးကို ခေါ်ယူမည်ဟု သတင်းများထွက်ပေါ်လာသည်။

ချယ်လ်ဆီးအသင်းပိုင်ရှင် အေဗရာမိုဗစ်က လူသစ်များ ခေါ်ယူရေးအတွက် ငွေကြေးကန့်သတ်မထားပါဟူသော တုံ့ပြန်ချက် ပြောစကားများနှင့်အတူ ချယ်လ်ဆီးအသင်း လူသစ်ဖြည့်ဆည်းရေးအတွက် လှုပ်ရှားမှုများ ပြုလုပ်ရန် ခွင့်ပြုလိုက်ပြီ ဖြစ်သည်။

ကြည့်ရှုနေ

ထိုသို့ခွင့်ပြုချက်နောက်ပိုင်း ချယ်လ်ဆီး ကင်းထောက်များက မိုနာကိုကလပ်မှ ကွင်းလယ်ကစားသမား ယာယာတိုရေးအား ခေါ်ယူရန်သင့်တော်သည်ဟူသော တင်ပြချက် ရောက်ရှိလာခဲ့သည်။ ချယ်လ်ဆီးကလပ် အမှုဆောင်လူကြီးများကလည်း ယာယာတိုရေး၏ ကစားဟန်များ၊ ဘောလုံးပွဲများကို ဗီဒီယိုတိပ်ခွေများက တစ်ဆင့် ကြည့်ရှုဆန်းစစ်နေပြီဖြစ်သည်။

ခြေစွမ်းပြနေသူ

ယာယာတိုရေးသည် ၁၉၈၃ခုနှစ် မေ၂၃ရက်၌ အိုင်ဗရီကို့စ်နိုင်ငံ၌ မွေးဖွားခဲ့သူဖြစ်ပြီး အသက်၂၄နှစ်အရွယ်ရှိပြီဖြစ်သည့် ကစားသမား ဖြစ်သည်။ အာဆင်နယ်အသင်း နောက်တန်းကစားသမား ကိုလိုတိုရေး၏ ညီဖြစ်ပြီး လောလောဆယ်၌ မိုနာကိုအသင်းတွင် အကောင်းဆုံး ခြေစွမ်းပြနေသူ တစ်ဦးလည်းဖြစ်သည်။

ယာယာတိုရေးသည် အသက် ၁၈နှစ်အရွယ်ကပင် ဘယ်လ်ဂျီယံကလပ် ဘီဗီရင်အသင်းတွင် သွားရောက်ကစားခဲ့ပြီး နှစ်ရာသီ ဆက်တိုက်ကစားခဲ့သည်။

ထို့နောက် ယူကရိန်းကလပ်မီတာလော့ဒိုနက်အသင်းနှင့် နှစ်နှစ်စာချုပ် ချုပ်ဆိုကာ ကစားခဲ့ပြန်သည်။ ယာယာတိုရေး၏ခြေစွမ်းကို သဘောကျသဖြင့် ဂရိကလပ် အိုလံပီယာကော့စ်က ခေါ်ယူခဲ့ပြန်သဖြင့် ပြောင်းရွှေ့ကစားခဲ့သည်။

တစ်ဖန် ကွင်းလယ်ကစားသမား လိုအပ်နေသော ပြင်သစ်ကလပ် မိုနာကိုအသင်းက ၂၀၀၆-၂၀၀၇ ဘောလုံးရာသီအတွင်း အရခေါ်ယူခဲ့ပြန်သဖြင့် မိုနာကိုအသင်း၌ ကစားနေခြင်း ဖြစ်သည်။

ပို့ဆောင်ပေး

ထို့အပြင် အိုင်ဗရီကို့စ်လက်ရွေးစင် အသင်းတွင် ပါဝင်ကာ ခြေစွမ်းပြနိုင်ခဲ့ပြီး ချယ်လ်ဆီးတိုက်စစ်မှူးနှင့် အိုင်ဗရီကို့စ်တိုက်စစ်မှူးဒရော့ဘာနှင့်အတူ ၂၀၀၆ ဂျာမနီ ကမ္ဘာ့ဖလား နောက်ဆုံး ဗိုလ်လုပွဲစဉ်များရောက်ရှိအောင် အိုင်ဗရီကို့စ်အသင်းကို ပို့ဆောင်ပေးနိုင်ခဲ့သည်။

ပြင်သစ်ကလပ် မိုနာကိုအသင်းတွင် ၂၀၀၆-၂၀၀၇ခုနှစ် ဘောလုံးရာသီ၌ ယာယာတိုရေးအနေဖြင့် စုစုပေါင်း ငါးဂိုး သွင်းယူပေးနိုင်ခဲ့ပြီး မိုနာကိုအသင်း၏ အကောင်းဆုံးခြေစွမ်းပြနိုင်သော ကွင်းလယ်ဘောလုံးသမား တစ်ဦးအဖြစ် ရပ်တည်နိုင်ခဲ့သည်။

တိုက်စစ်အားသန်

မိုနာကိုတိုက်စစ်မှူးများဖြစ်သည့် ဂျန်ခိုလာနှင့် မီနက်ဇ်တို့ ဂိုးများသွင်းယူနိုင်အောင် ပံ့ပိုးပေးနိုင်ခဲ့သည့်အပြင် ကိုယ်တိုင်လည်း တိုက်စစ်အားသန်သော ကွင်းလယ်ဘောလုံးသမား တစ်ဦးဖြစ်သည်။

ယာယာတိုရေး၏ အားသာချက်မှာ ပွဲချိန်ပြည့်တစ်ကွင်းလုံး နေရာအနှံ့ ကစားနိုင်ခြင်းပင်ဖြစ်သည်။ ခံစစ်ကို ကူပေးနိုင်သလို တန်ပြန်တိုက်စစ်ကို မြန်နှုန်းမြှင့်တင်ပေးနိုင်သော ကွင်းလယ်ကစားသမားလည်း ဖြစ်သည်။

ချယ်လ်ဆီးအသင်းက ခေါ်ယူရန် ကြိုးစားနေသော မိုနာကိုအသင်း ကွင်းလယ်ကစားသမား ယာယာတိုရေး။ (ဓာတ်ပုံ-အင်တာနက်)

ဘောလုံးကစားရာတွင်လည်း အသန့်ရှင်းဆုံး ကစားတတ်ပြီး ခေါင်းအေးအေးဖြင့် ကွင်းလယ်၌ ကျွမ်းကျင်စွာ တစ်ဖက်အသင်းတိုက်စစ်ကို ဟန့်တားနိုင်သူလည်းဖြစ်သည်။ ထို့ကြောင့် မိုနာကိုအသင်းသို့ ရောက်ရှိသည့်နှစ်မှာပင်ပထမ ဦးစားပေး ဘောလုံးသမားစာရင်းဝင် ဖြစ်လာခဲ့ခြင်း ဖြစ်သည်။

သုံးစွဲမည်

ယခုအခါ ချယ်လ်ဆီးအသင်း၌ ကွင်းလယ်ကစားသမား ဖရန့်လမ်းပတ်ကလည်း ဆက်လက်ရှိနေရန် မသေချာမှုကြောင့် ချယ်လ်ဆီးတို့ ယာယာတိုရေးကို ပစ်မှတ်ထားနေခြင်းဖြစ်သည်။ ချယ်လ်ဆီးတို့က ယာယာတိုရေးအား ခေါ်ယူရန် ပေါင်၁၀သန်း ဝန်းကျင်သုံးစွဲမည်ဟု ဆိုထားသည်။

သို့သော် စပိန်ကလပ် ဘာစီလိုနာကလည်း ယာယာတိုရေးကိုခေါ်ယူရန် မိုနာကိုအသင်းနှင့် ညှိနှိုင်းမှုများ ပြုလုပ်နေသည့် သတင်းများ ထွက်ပေါ်လာသည်။ ဘာစီလိုနာတို့က ယာယာတိုရေးအား ပေါင်၁၃သန်းပေးမည်ဟု ဈေးခေါ်ထားသည်။

ယာယာတိုရေးကမူ ပရီမီယာလိဂ် တစ်သင်းသင်းသို့ ပြောင်းရွှေ့ကစားရန် ပိုအားသန်သည်ဟုဆိုနေရာ အာဆင်နယ်အသင်းကလည်း စိတ်ဝင်စားနေသဖြင့် ယာယာတိုရေးကိုခေါ်ယူရန် ကြိုးစားနေသည့် ထိပ်တန်းအသင်းများက မနည်းချေ။

စောင့်ကြည့်ရမည်

ထို့ကြောင့် အိုင်ဗရီကို့စ်ကွင်းလယ် ဘောလုံးသမား ယာယာတိုရေး၏ အနာဂတ်သည် လာမည့်ဘောလုံးရာသီ၌ မည်သို့ပြောင်းလဲသွားမည်ကို စောင့်ကြည့်ရမည်ဖြစ်ပါကြောင်း။ ။

(ကိုးကား-အင်တာနက်)

စုစည်းတင်ပြသူ-မောင်မောင်မြင့်ဆွေ

အင်တာနက် အားကစားသတင်း

- **မာဆေးအသင်းမှ ပြင်သစ်ကစားသမား ရစ်ဘရီအား ဘိုင်ယန်မြူးနစ် အသင်းက လေးနှစ်စာချုပ် ခေါ်ယူလိုက်သည်။**
- ရီးရဲမက်ဒရစ်အသင်းဥက္ကဌ ကယ်ဒါရွန်က အေစီမီလန်အသင်းမှ ကာကာအား ခေါ်ယူ စာချုပ်လိုကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။
- **ကမ္ဘာ့နံပါတ်(၁) တင်းနစ်ကစားသမား ရော်ဂျာဖက်ဒဲယားသည် ပြင်သစ်အိုးပင်း ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ပြီဖြစ်ရာ၇၃နှစ်အတွင်း ကြီးလေးကြီးပြိုင်ပွဲ ဗိုလ်လုပွဲသို့ ရှစ်ကြိမ်ဆက်တိုက် တက်ရောက်နိုင်ခဲ့သည့် ပထမဆုံး တင်းနစ်ကစားသမား ဖြစ်လာသည်။**

(အင်တာနက်)

ကမ္ဘာ့နံပါတ်(၁) ဂျူစတင်ဟာနင် ပြင်သစ် အိုးပင်း၌ သုံးနှစ်ဆက်တိုက်ဗိုလ်စွဲ

ပြင်သစ်အိုးပင်းတွင် ဗိုလ်စွဲသွားသော ဂျူစတင်ဟာနင် (ဝဲ)နှင့် ဆုဘီးယားသူ အနာအီဗန်နိုဗစ်တို့အား ဆုဖလားနှင့်အတူ ဤသို့ တွေ့ရသည်။ (ဓာတ်ပုံ-အင်တာနက်)

ပါရီ ဇွန် ၁၀

ဘယ်လ်ဂျီယံတင်းနစ် အားကစားမယ် ဂျူစတင်ဟာနင်သည် ဇွန်၉ရက်က ပြင်သစ်အိုးပင်းတင်းနစ် ဗိုလ်လုပွဲတွင် ဆားဘီးယားနိုင်ငံသူ အနာ အီဗန်နိုဗစ်အား အနိုင်ရပြီး သုံးနှစ်ဆက်တိုက် ပြင်သစ်အိုးပင်း ချန်ပီယံ ဆုဖလားကြီးကို ဆွတ်ခူးနိုင်ခဲ့သည်။

ကမ္ဘာ့နံပါတ်(၁)ဂျူစတင်ဟာနင်သည် အဆိုပါပြိုင်ပွဲတွင် အီဗန်နိုဗစ်အား ၆-၁၊ ၆-၂ဖြင့် အနိုင်ရလိုက်ခြင်းဖြစ်သည်။ ယင်းဖလားသည် ၎င်း၏ တင်းနစ်ကစားသမား ဘဝသက်တမ်းတစ်လျှောက် ခြောက်ခုမြောက် ဂရင်းဆလမ်ဖလားဖြစ်သည်။

ဗိုလ်စွဲ

အသက် ၂၅ နှစ်ရှိ ဂျူစတင်သည် ၂၀၀၃ခုနှစ်ကလည်း အဆိုပါ ပြင်သစ်အိုးပင်းချန်ပီယံ ဆုဖလားကြီးကို ဆွတ်ခူးနိုင်ခဲ့သည်။ ၎င်းသည် ၁၉၉၂ခုနှစ်က ရိုးလင်းဂါရို့စ်၌ ကျင်းပသော ပြင်သစ်အိုးပင်း ဖလားကြီးကို သုံးကြိမ်ဆက်တိုက် ဗိုလ်စွဲနိုင်ခဲ့သည်။

ရေးသားသူ မြင့်မောင်စိုး

မိုနီကာဆဲလက်စ် နောက်ပိုင်း သုံးနှစ် ဆက်တိုက် ဗိုလ်စွဲခဲ့သည့် ပထမဆုံးသောတင်းနစ်အားကစားမယ် ဖြစ်လာသည်။

ယင်းပြိုင်ပွဲ အဖွင့်ပွဲတွင် အီဗန်နိုဗစ်က ဖိကစားနိုင်သော်လည်း အတွေ့အကြုံရင့်ကျက်သော ဂျူစတင်က အမှားအယွင်းနည်းစွာဖြင့် ရိုက်ချက်မှန်မှန် ကစားနိုင်ခဲ့၍ အနိုင်ပွဲဆင်နွှဲနိုင်ခဲ့သည်။

(အင်တာနက်)

အာဆင်နယ်တိုက်စစ်မှူး အလီယာဒီယာရီအား မစ်ဒယ်ဘရော့ကခေါ်ယူရန် သဘောတူ

လန်ဒန် ဇွန် ၁၀

အာဆင်နယ်ကစားသမား ပြင်သစ်တိုက်စစ်မှူး ဂျယ်ရီမီအလီယာဒီယာရီအား မစ်ဒယ်ဘရော့အသင်းက စာချုပ်ရန် သဘောတူညီလိုက်ပြီဖြစ်သည်။

မစ်ဒယ်ဘရော့အသင်းက ဗီဒူကာ နယူးကာဆယ်အသင်းသို့ ပြောင်းရွှေ့သွားပြီးနောက် အာဆင်နယ်တိုက်စစ်မှူး အလီယာဒီယာရီအား ခေါ်ယူရန် သဘောတူခဲ့ခြင်းဖြစ်သည်။

ပြောင်းရွှေ့သွား

မိမိတို့သည် ဇန်နဝါရီလက ဒီယာရီအားခေါ်ယူရန် ကြိုးစားခဲ့ကြောင်း၊ သို့ရာတွင် အာဆင်နယ်အသင်း၌ ဒဏ်ရာရနေသဖြင့် ခေါ်ယူရန်နှောင့်နှေးခဲ့ကြောင်း မစ်ဒယ်ဘရော့အမှုဆောင်အရာရှိချုပ်ကစ်လမ့်က ပြောကြားသည်။ အလီယာဒီယာရီ ရောက်ရှိလာခြင်းသည် ဗီဒူကာထွက်ခွာသွားခဲ့သည့်အတွက် စိတ်ပျက်နေခြင်းမှ သက်သာရာရှိစေခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ဩစတြေးလျ ကစားသမား ဗီဒူကာသည် မစ်ဒယ်ဘရော့အသင်းက စာချုပ်သစ်ချုပ်ဆိုရန် ကမ်းလှမ်းခဲ့သော်လည်း ငြင်းဆိုပြီး နယူးကာဆယ်သို့ ပြောင်းရွှေ့သွားခဲ့ခြင်း ဖြစ်သည်။

(အင်တာနက်)

မက်ဒရစ် ဇွန် ၁၀

စပိန်လာလီဂါပွဲစဉ်(၃၇)ကို ဇွန် ၉ရက်က ဆက်လက်ကစားရာ ဘာစီလိုနာနှင့် အက်စ်ပန်းညိုတို့ နှစ်ဂိုးစီ သရေပွဲဖြစ်ပြီး ရီးရဲဇာရာဂိုဇာနှင့် ရီးရဲမက်ဒရစ်တို့ ပွဲတွင်လည်း တစ်ဖက် နှစ်ဂိုးစီသရေပွဲ ဖြစ်သွားခဲ့သည်။

ဘာစီလိုနာနှင့် အက်စ်ပန်းညို

မက်ဆီ၊ ဂတ်ဂျွန်ဆင်နှင့် အီတူးတို့ တိုက်စစ်အတွဲဖြင့် ပွဲထွက်လာသော ဘာစီလိုနာတို့အိမ်ကွင်း၌ ကစားကွက် အသာစီးရခဲ့သော်လည်းညွှေ့သည်အက်စ်ပန်းညိုအပေါ် အနိုင်မကစားနိုင်ခဲ့ချေ။

၄-၃-၃ ပုံစံ ခင်းကျင်းပြီး ဘာစီလိုနာကို ရင်ဆိုင်ခဲ့သော အက်စ်ပန်းညိုတို့က အဖွင့်ဂိုးကို ပထမပိုင်းပွဲချိန် မိနစ် ၃၀၌ တိုက်စစ်မှူး တာမူဒိုက သွင်းယူပေးနိုင်ခဲ့သည်။

ညွှေ့သည်တို့က အဖွင့်ဂိုးသွင်းယူလိုက်သဖြင့် ဘာစီလိုနာတို့ ကစားအားတင်ခဲ့ရာမှ ပွဲချိန် ၄၃မိနစ်တွင် ဘာစီလိုနာတိုက်စစ်မှူး မက်ဆီက ချေပဂိုး သွင်းယူနိုင်ခဲ့သည်။

တိုက်စစ်ဖွင့်

ဘာစီလိုနာအသင်း ဒုတိယပိုင်း ပွဲချိန်၌လည်း အနိုင်ရရှိရေး တိုက်စစ်ဖွင့် ကစားခဲ့ရာ ပွဲချိန် ၅၇မိနစ်တွင် မက်ဆီကပင် ဒုတိယဂိုးကို သွင်းယူပေးနိုင်ခဲ့သည်။

သွင်းယူ

သို့သော်လည်း ပွဲပြီးချိန်စက္ကန့်အလိုမှာပင် အက်စ်ပန်းညိုတိုက်စစ်မှူး တာမူဒိုကပင် ချေပဂိုးသွင်းယူခဲ့သဖြင့် ဘာစီလိုနာတို့ အိမ်ကွင်း၌ နှစ်ဂိုးစီ သရေပွဲ ဖြစ်သွားခဲ့ခြင်းဖြစ်သည်။

ရီးရဲဇာရာဂိုဇာနှင့် ရီးရဲမက်ဒရစ်

ရီးရဲမက်ဒရစ်တို့လည်းကံကောင်းစွာဖြင့် သရေပွဲဖြစ်ခဲ့ရသည်။ ဇာရာဂိုဇာတို့က အိမ်ကွင်း၌ ရီးရဲမက်ဒရစ်ကို မာမာတင်းတင်း တုံ့ပြန်ကစားခဲ့ရာ ပွဲချိန် ၃၂မိနစ်၌ ပယ်နယ်တီပြစ်ဒဏ်ဘောရရှိခဲ့သည်။ ၎င်းပြစ်ဒဏ်ဘောကို ဇာရာဂိုဇာတိုက်စစ်မှူး မီလီတိုက သွင်းယူခဲ့သဖြင့် အဖွင့်ဂိုးရရှိခဲ့သည်။

ချေပဂိုးသွင်း

သို့သော် ပွဲချိန် ၅၇မိနစ်၌ ရီးရဲမက်ဒရစ်တိုက်စစ်မှူး နစ္စတယ်ရွိုင်းက ချေပဂိုး သွင်းယူပေးနိုင်ခဲ့သည်။

သရေပွဲဖြစ်

တစ်ဖန် ဇာရာဂိုဇာ အတွက် ဒုတိယဂိုးကို ၆၄မိနစ်၌ မီလီတိုကပင် သွင်းယူပေးခဲ့သလို ရီးရဲမက်ဒရစ်အတွက် ချေပဂိုးကို၈၉မိနစ်၌ နစ္စတယ်ရွိုင်းက ချေပဂိုးသွင်းယူနိုင်ခဲ့၍ တစ်ဖက် နှစ်ဂိုးစီ သရေပွဲ ဖြစ်ခဲ့ရခြင်းဖြစ်သည်။

အခြားပွဲရလဒ်များ

အက်သလက်တီကို	၂-၃	ဆဲလ်တာဗီဂို
ရီးရဲဘက်တစ်	၀-၅	အိုဆာဆူနာ
ရီးရဲဆိုစီဒက်	၀-၀	ရေးဆင်း
လီဗန်တေး	၄-၂	ဗလင်စီယာ
မာလော့ကာ	၀-၀	အက်ဖ်စီဆီဗီလာ
ဗီလာရီးရဲ	၃-၁	ဘီလ်ဘာအို

(အင်တာနက်)

နိုင်ငံတကာအသိအမှတ်ပြု Business Diploma ရယူလိုသူများအတွက် NCC(UK) ၏ International Diploma in Business

Since 1986 KMD Computer Centre

IDB ⇨ IADB ⇨ B.Sc(Hons)

တက္ကသိုလ်ပေါ်ဝင်တန်းဖြေဆို/အောင်မြင်ပြီးသူများ တက်ရောက်နိုင်ပါသည်။

- Marketing, Economics, Business Communication, Business Structures, Management နှင့် Accounting ဘာသာရပ်များကို အခြေခံမှစ၍ သင်ကြားရပါမည်။
- NCC Education (UK) မှ ချီးမြှင့်မည့် Diploma ရရှိပါမည်။

အမှတ် (၅၅၀-၅၅၂)၊ ကုန်သည်လမ်းနှင့် ၃၆ လမ်းထောင့်၊ ရန်ကုန်။ ဖုန်း - ၂၄၉၁၅၅/၃၈၀၇၇၆/၃၈၀၁၂၉

သင်တန်းဖွင့်မည့်ရက် 19 - 6- 2007 (Mon to Fri) 12:15 - 4:00

သင်တန်းအပ်လက်ခံပြီ

အောင်ချမ်းမြေ

ဆေးဝါးကျွမ်းကျင်အကူသင်တန်း၊ သူနာပြုအကူသင်တန်း

ပြည်တွင်း၊ ပြည်ပအတွေ့အကြုံရှိ ဝါရင့်နာမည်ကြီး ဆေးဝါးကျွမ်းကျင်ပညာရှင်များဦးစီး၍ နားလည်တတ်မြောက်အောင် အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် စာတွေ့၊ လက်တွေ့သရုပ်ပြ သင်ကြားသည်။ သက်သာမှန်ကန်သော နှုန်းထားသာယူသည်။ သင်တန်းပြီးလျှင် ဆေးဆိုင်ချက်ချင်းဖွင့်နိုင်မည်။ ကျွမ်းကျင်သော သူနာပြုအကူဖြစ်မည်။ ရဲရဲကြီးအာမခံသည်။ ဆေးဆိုင် ဖွင့်နိုင်ရေးကူညီမည်။ အလုပ်အကိုင်ရရှိရေးကူညီမည်။ သင်တန်းဆင်းလက်မှတ်ပေးမည်။ တစ်ယောက်ထိုင်ခုံနှင့် သန့်ရှင်းသော သင်တန်းခန်းများ၊ ဘော်ဒါဆောင်ရှိသည်။ လူဦးရေကန့်သတ်ထားသည်။ ကြိုတင်စာရင်းသွင်းပါ။

အောင်ပြီး ချမ်းမြေ့မှုတွေကို အပြည့်အဝရရှိဖို့ အောင်ချမ်းမြေမှာ သင်တန်းတက်ကြစို့။

* အပတ်စဉ်(၁၁၇) **နှစ်လပြတ် အထူးသင်တန်း။**
ဆေးဝါးကျွမ်းကျင် အကူ/သူနာပြု အကူသင်တန်း
၁၉-၆-၂၀၀၇ စမည်။ **(အင်္ဂါ၊ ဗုဒ္ဓဟူး) (ကျန်ရက်များ ပိတ်ရက်)**
၂၁-၆-၂၀၀၇ စမည်။ **(ကြာသပတေး၊ သောကြာ) (ကျန်ရက်များ ပိတ်ရက်)**
Section (1) AM 08:00 to 11:30 (၁၅)ဦး
Section (2) AM 09:00 to 12:30 (၁၅)ဦး
Section (3) PM 12:30 to 04:00 (၁၅)ဦး

* အပတ်စဉ်(၁၁၈) ၂၃-၆-၂၀၀၇ စမည်။ **နှစ်လပြတ်အထူးသင်တန်း။**
ဆေးဝါးကျွမ်းကျင် အကူ/သူနာပြု အကူသင်တန်း
စနေ၊ တနင်္ဂနွေ နှစ်ရက်တည်းသာ (မှတ်ချက်။ ကျန်ရက်များ ပိတ်ရက်)
Section (1) AM 08:00 to 11:30 (၁၅)ဦး
Section (2) PM 12:30 to 04:00 (၁၅)ဦး

* အပတ်စဉ်(၁၁၉) ၂၄-၆-၂၀၀၇ စမည်။ **သုံးလသင်တန်း။**
ဆေးဝါးကျွမ်းကျင် အကူ/သူနာပြု အကူသင်တန်း
တနင်္ဂနွေ တစ်ရက်တည်းသာ (မှတ်ချက်။ ကျန်ရက်များ ပိတ်ရက်)
Section (1) AM 08:00 to 12:30 (၁၅)ဦး
Section (2) PM 12:30 to 05:00 (၁၅)ဦး

* အပတ်စဉ်(၁၂၀) ၂၅-၆-၂၀၀၇ စမည်။ **တစ်လပြတ် အထူးသင်တန်း။**
ဆေးဝါးကျွမ်းကျင် အကူ/သူနာပြု အကူသင်တန်း
တနင်္လာမှ သောကြာ နေ့စဉ် (မှတ်ချက်။ စနေ၊ တနင်္ဂနွေ ပိတ်ရက်)
Section (1) AM 08:00 to 11:30 (၁၅)ဦး
Section (2) AM 09:00 to 12:30 (၁၅)ဦး
Section (3) PM 12:30 to 04:00 (၁၅)ဦး

အမှတ် ၁၆၊ တတိယထွာ(ပွင့်ရွှေလင်းတာယာနှင့် အလှိုင်းဗိုးရောင်းဝယ်ရေးဆိုင်အပေါ်ဆုံးထပ်)၊ ဗိုလ်မိုးလမ်း၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဂမုန်းပွင့်ကုန်တိုက်အနီး။ ဖုန်း-၀၉-၅၁၄၆၀၅၇၊ ၅၃၄၈၈၃၊ ၅၃၄၇၃၃ (am-7:00 to pm-9:00) ပိတ်ရက်မရှိပါ။
http://www.acmnursingtraining.com

မှတ်ချက်။ ။ အထက်ပါသင်တန်း တည်ရှိရာနေရာမှလွဲ၍ မည်သည့်နေရာဒေသတွင်မှ **အောင်ချမ်းမြေ** ဟူသောအမည်ဖြင့် ရုံးခွဲများ၊ သင်တန်းကျောင်းခွဲများ ဖွင့်လှစ်ထားရှိခြင်းမရှိပါ။ ၎င်းအပြင် မည်သည့်သင်တန်းကျောင်း၏လက်အောက်ခံသင်တန်းကျောင်း မဟုတ်ပါ။

ရမှတ်ကောင်းရမည်
IELTS
Call;514273 Time

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်မောင်လှကျော် ၈/ရနခ(နိုင်)၀၀၀၃၈၉ ၏ နိုင်ငံကူးလက်မှတ် အမှတ်-၂၈၂၈၁၇ ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပါရန်။ **ဖုန်း-၀၉-၆၈၂၆၂၂၄။**

ဦးအောင်ဟိန်းကျော် -Translation

သီးသန့်တန်း ဖွင့်ပြီ

အင်္ဂလိပ်စကားပြော • အလွတ်မကျက်ဘဲပြောတတ်ရမည်

• နိုင်ငံခြားသားများနှင့်လေ့ကျင့်သည်

အင်္ဂလိပ်စာ ရေးနည်း • အခြေခံမှစ၍ရေးတတ်အောင်သင်သည်

၁၈၂ ဆိပ်ကမ်းသာလမ်းအလယ်၊ရန်ကုန်. 392468, 095171841

Congratulation

၂၀၀၇ခုနှစ် မေလ ၁၁ ရက် (သောကြာနေ့)တွင် ဖေဖေ ဦးကိုကို(ခ)ဦးသန်းဝင်း (ဦးမြင့်သန်းနှင့်သားများ နာရီဆိုင်)-မေမေ ဒေါ်မင်းဝင်းသန်းတို့မှ သားသားလေး မင်းသန့်ကို (ILBC)အတွက် အမြွှာ ညီလေးနှင့်ညီမလေး မွေးဖွားပေးခြင်းကို ဝမ်းမြောက်ဂုဏ်ယူမိကြောင်းနှင့် ယဉ်ကျေးလိမ္မာ ထူးချွန်ထက်မြက်သော သားသမီးရတနာလေးအဖြစ် မိသားစုနှင့်အတူ အောင်မြင်သော ဘဝခရီးလမ်းကို သာယာပျော်ရွှင်ချမ်းမြေ့စွာ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ဝမ်းမြောက်စွာဖြင့်

ဒေါ်မိမိခင် (Manager Ocean Super Centre)၊
ဒေါ်ဥမ္မာခင် (Admin Manager City Mart)၊
ဒေါ်သန်းသန်းရင် (Finance Manager City Mart)။

7DAY SPORTS journal

သင့်အတွက်

အသစ်လွင်ဆုံး၊ အလတ်ဆတ်ဆုံး၊ အပြည့်စုံဆုံး အားကစားဆိုင်ရာသတင်းများ၊ သတင်းဆောင်းပါးများ၊ ကဏ္ဍစုံလင်စွာ ဘောလုံးရသအပြည့်ဖြင့် ယနေ့ထွက်ပြီ။

ထွက်ပြီ

Tel: 01-243 542
09-51-73255

ကလေးတို့ရေ ရွှင်ပြုံး Remix ဖတ်ပြီးပြီလား

ရွှင်ပြုံး Remix ဂျာနယ်က အသိပညာလက်ဆောင်တွေ အပတ်စဉ် ပလာမပါ ပေးနေတယ်။ အသိပညာတိုးချင်ရင် လိမ္မာယဉ်ကျေးချင်ရင် ရွှင်ပြုံး Remix ဖတ်မှ ဖြစ်မယ်။ ဖတ်ဖြစ်အောင်ဖတ်နော်.....

ရွှင်ပြုံး remix

door-to-door

ရန်ကုန်- တစ်စောင် ၄၀၀ိ/-နှုန်းနဲ့ လေးပတ် အတွက် ၁၅၀၀ိ/- ပေးသွင်းလျှင် အပတ်စဉ်ဖတ်နိုင်ပါပြီ။

နယ်မြို့များ- တစ်စောင် ၄၀၀ိ/-နှုန်းနဲ့ လေးပတ် အတွက် ၁၆၀၀ိ/-ပေးသွင်းလျှင် အပတ်စဉ်ဖတ်နိုင်ပါပြီ။

သဘာဝဓာတ်ငွေ့အရောင်းဆိုင်အမှတ်(၀၀၁) သမိုင်းလမ်းဆုံအနီး အင်းစိန်လမ်းမပေါ်၌ဖွင့်လှစ်

ရန်ကုန် ဇွန် ၁၀

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်အမှတ်(၀၀၁) သမိုင်း(တိုးချဲ့)ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇နာရီတွင် ရန်ကုန်တိုင်း မရမ်းကုန်း သမိုင်းလမ်းဆုံအနီး အင်းစိန်လမ်းမပေါ်ရှိ အဆိုပါအရောင်းဆိုင်ရှေ့၌ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်လှစ်

ရှေးဦးစွာ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအထွေထွေမန်နေဂျာ ဦးသိန်းဌေးက မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်နှင့်ပတ်သက်သည်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးက မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းက အရောင်းဆိုင်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ကြည့်ရှု

ထို့နောက် တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များသည် မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များသည် မော်တော်ယာဉ်များအား သဘာဝဓာတ်ငွေ့ဖြည့်သွင်းပေးနေမှုများကို ကြည့်ရှုစစ်ဆေးကြပြီး မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့အရောင်းဆိုင်ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သဲအင်းဂူအဓိဋ္ဌာန် ခုနစ်ရက်တရားစခန်း

ရန်ကုန် ဇွန် ၁၀

ရန်ကင်းမြို့နယ် မိုးကောင်းဘုရားဝင်း သဲအင်းဂူ ဓမ္မဗိမာန်တော်ကြီး၌ ဇွန်၁၇ရက်မှ ၂၄ရက်အထိ အဓိဋ္ဌာန် ခုနစ်ရက်တရားစခန်းကို မူလသဲအင်းဂူ ဆရာတော်ကြီး၏ကမ္မဋ္ဌာန်းမှုနှင့်အညီ ကျင်းပသွားမည်ဖြစ်သည်။တရားစခန်းပွဲတွင် ရန်ကုန်မြို့လုံးဆိုင်ရာ သဲအင်းဂူ သာသနာပြုအဖွဲ့၏ ဩဝါဒါစရိယ ပဓာနမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဓမ္မသာမိနှင့် ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တရေဝတ (ကျောက်ပန်းတောင်း) အရှင်သူမြတ် နှစ်ပါးတို့က ခန္ဓာကိုယ်တွေ့ သမထဝိပဿနာတရားတော်များ ချီးမြှင့်ဟောကြားပြသမည် ဖြစ်သည်။ တရားစခန်းဝင်လိုသူများ ဇွန်၁၆ရက်(စနေနေ့)ညနေ ၅နာရီအရောက် နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့်အတူလာရောက်စာရင်းသွင်းနိုင်ကြပြီး နေ့ဆွမ်း၊ အရုဏ်ဆွမ်းများ လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာ လှပ စိမ်းမြမြ

မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း

အာဖဂန်သမ္မတမိန့်ခွန်းပြောကြားစဉ် ပစ်ခတ်မှု ဖြစ်ပွား

ကဘူးလ် ဇွန် ၁၀

အာဖဂန်သမ္မတ ဟာမစ်ကာဇိုင်းသည် ဇွန်၁၀ရက်က ဂါဇနီပြည်နယ်၌ကျင်းပသော အစည်းအဝေးတစ်ရပ်တွင် မိန့်ခွန်းပြောကြားနေစဉ် တာလီဘန်များက ဒုံးကျည်များဖြင့် ပစ်ခတ်ခံရသော်လည်း ထိမှန်ခြင်းမရှိခဲ့ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

လွဲချော်ခဲ့

တိုက်ခိုက်ရေးသမားများသည် အာဖဂန်သမ္မတ ဟာမစ်ကာဇိုင်းကို အဓိကပစ်မှတ်ထား၍ ဒုံးကျည်များဖြင့် ပစ်ခတ်ခဲ့သော်လည်း ဒုံးကျည်များမှာ ပစ်မှတ်ကိုမရောက်ဘဲ လွဲချော်ခဲ့ကြောင်း၊ ထိုသို့ပစ်ခတ်စဉ် ပရိသတ်မှာ ရုတ်ရုတ်သဲသဲဖြစ်ကာ ထိတ်လန့်မှုများဖြစ်ခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောဆိုသည်။

အမေရိကန်၌ခြောက်လောင်းပြိုင်လူသတ်မှုဖြစ်ပွား

ဝစ်ကွန်စင်(အမေရိကန်) ဇွန် ၁၀

အမေရိကန်နိုင်ငံ ဒီလာဗန်မြို့ရှိ နေအိမ်တစ်အိမ်၌ ဇွန်၉ရက် ည ၁၀နာရီ ၃၆မိနစ်တွင် သေနတ်ပစ်ခတ်မှုတစ်ရပ်ဖြစ်ပွားခဲ့ရာ လူခြောက်ဦးသေဆုံးသွားကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

ပြောကြား

ယင်းခြောက်လောင်းပြိုင် လူသတ်မှုကြီးဖြစ်ပွားသည့် ဖော်ပြပါနေအိမ်မှ ဖုန်းဆက်အကူအညီတောင်းခံသဖြင့် ရဲအဖွဲ့က သွားရောက်စစ်ဆေးစဉ် အလောင်းခြောက်လောင်းတွေ့ရှိရပြီး ကလေးငယ် တစ်ဦးမှာ ဒဏ်ရာပြင်းထန်စွာရရှိ နေသည်ကိုတွေ့ရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်
လူမှုရေးအဖွဲ့နှင့် ပြည်သူများကိုးကွယ်ရန် ဘုရားများလှူဒါန်း

လွိုင်ကော် ဇွန် ၁

ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ညွန့်တင်နှင့် ဇနီးမိသားစုတို့၏ တတိယအကြိမ် ဗုဒ္ဓါဘိသေက အနေကဇာတင်လှူ ပူဇော်လှူဒါန်းပွဲကို မေ ၂၂ရက် နံနက် ၅နာရီခွဲက ပြည်နယ်ဥက္ကဋ္ဌ၏ နေအိမ်၌ကျင်းပရာ လွိုင်ကော်မြို့ ရွှေတောင် ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာသာမိကြီးမှူးသော ဆရာတော် ငါးပါး ကြွရောက်တော်မူကြပြီး ဘုရားဆင်းတုတော်များကို ဗုဒ္ဓါဘိသေက အနေကဇာတင်လှူတော်မူကြသည်။

ထို့နောက် ဆရာတော်ကြီးများထံမှ ပြည်နယ်ဥက္ကဋ္ဌနှင့်ဇနီး၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများက သီလဆောက်တည် တရားတော်နာယူ၍ ရေစက်သွန်းချ အမျှပေးဝေကာ လှူဖွယ်ဝတ္ထုများဆက်ကပ်ကြသည်။

ပြည်နယ်ဥက္ကဋ္ဌနှင့်ဇနီးမိသားစုတို့သည် ဗုဒ္ဓါဘိသေက အနေကဇာတင်လှူ ပူဇော်လှူဒါန်းခြင်းကို ပထမအကြိမ်၌ ဗုဒ္ဓဆင်းတုတော် အဆူ၅၀၊ ဒုတိယအကြိမ်တွင် ၂၃၁ဆူနှင့် တတိယအကြိမ်တွင်၄၈၂ဆူ တင်လှူပူဇော်ပြီး ကယားပြည်နယ် အတွင်းရှိ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများသို့ ကိုးကွယ်ရန်အတွက် လှူဒါန်းခဲ့ကြောင်း သိရသည်။ **(ဓါပုံ)** **(ပြည်နယ် ပြန်/ဆက်)**

မြန်အောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော မြန်အောင်-ကနောင်လမ်းပေါ်ရှိ ဂျမ်းချောင်းကူးတံတား တည်ဆောက်မှု လုပ်ငန်းခွင်ကို မေ ၂၃ရက်က ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ကွင်းဆင်းစစ်ဆေးစဉ်။
(မြို့နယ်စည်ပင်)

မြို့နယ်သတင်းများ

မေ၂၀ရက်က ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းခုတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှမြို့ဝင်ဆိုင်းဘုတ် ဆောင်ရွက်ထားမှုကို ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ခေတ္တညွှန်ကြားရေးမှူး ဦးခင်ကျော်နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ မြို့တာဝန်ခံ ဦးထန်ဒေါင့်တွန်က ရှင်းလင်း တင်ပြစဉ်။ (မြို့နယ်စည်ပင်)

အခွန်ဆိုင်ရာရှင်းလင်းပွဲ တောင်ကြီး၌ ကျင်းပ

တောင်ကြီး ဇွန် ၂

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန(ရှမ်းပြည်နယ်) အခွန်ဆိုင်ရာ ရှင်းလင်းပွဲကို မေ ၂၄ရက် မွန်းလွဲ ၁နာရီက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ တိုင်းစစ်ဌာနမှ အရာရှိများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ အခွန်ထမ်းလုပ်ငန်းရှင်များ အင်အား ၇၀၀ခန့်တက်ရောက်ကြသည်။

ဆွေးနွေး

ရှေးဦးစွာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးက အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ် အခွန်ဦးစီးမှူး ဦးတင်ထွန်းနိုင်နှင့် တောင်ကြီးခရိုင် အခွန်ဦးစီးဌာနမှူး ဦးဝင်းညွှန့်တို့က အခွန်ဆိုင်ရာများကို ရှင်းလင်းဆွေးနွေးကြသည်။

မေးမြန်း

ထို့နောက် တက်ရောက်လာကြသည့် လုပ်ငန်းရှင်များက မေးမြန်းဆွေးနွေးကြကာ သက်ဆိုင်ရာတာဝန်ခံများက ပြန်လည်ရှင်းလင်းဆောင်ရွက်ကြကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

ယင်းမာပင်၌ အရန်သားဖွားသင်တန်းဆင်း

ယင်းမာပင် ဇွန် ၁

အမျိုးသမီးနှင့်ကလေးကျန်းမာရေး ဖွံ့ဖြိုးမှုစီမံချက်ဖြင့် ဖွင့်လှစ်သော အရန်သားဖွားသင်တန်းဆင်းပွဲ အခမ်းအနားကို မေ ၂၁ရက်နံနက်၁၀ နာရီက ယင်းမာပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသာယာအေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် ဥက္ကဋ္ဌ ဦးစိုးလှိုင်က သင်တန်းဆင်း ဩဝါဒစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလေးအောင်က သင်တန်းဆင်းအမှာစကား ပြောကြားသည်။

ဆုချီးမြှင့်

ဆက်လက်ပြီး ဆုချီးမြှင့်ပွဲကျင်းပရာ စံပြထူးချွန်ဆုရရှိသည့် ဇီးတောကျေးရွာမှ မခင်မာဌေးအား မြို့နယ် ဥက္ကဋ္ဌ ဦးစိုးလှိုင်ကလည်းကောင်း၊ ပထမဆုရ ပေါက်ပန်းဖြူကျေးရွာမှ မစိုးနွယ်ဦးအား မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ယဉ်ယဉ်အောင်ကလည်းကောင်း၊ ဒုတိယဆုရမြင်သာကုန်းကျေးရွာမှ မခင်မျိုးအေးအား ဒေါက်တာခင်ခင်ထွန်းက လည်းကောင်း၊ တတိယဆုရ ရွှေပန်းခိုင် ကျေးရွာမှ မသန်းသန်းကြည်အား မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စိုးစိုးဝင်းက လည်းကောင်း ဆုများချီးမြှင့်ခဲ့ကြပြီး သင်တန်းဆင်းလက်မှတ်များကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ လေးအောင်က ပေးအပ်ရာ သင်တန်းသူများကိုယ်စား မဌေးဌေးမြင့်က လက်ခံရယူခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြရည်နန္ဒာပန်းခြံ

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် မိုးမိတ် မြို့နယ် စည်ပင်သာယာရေး အမှုဆောင်အရာရှိနှင့်ဝန်ထမ်းများ မေ၁၄ရက်က မြရည်နန္ဒာ ပန်းခြံအတွင်း ပန်းအလှပင်များစိုက်ပျိုးကြစဉ်။
(မြို့နယ် ပြန်/ဆက်)

အမျိုးသမီးရေးရာအဖွဲ့ရည်ရွယ်ချက်နှင့် ဖွဲ့စည်းပုံရှင်းလင်း ပညာပေးဟောပြောပွဲနှင့် စာဖတ်ဝိုင်း ကျိုက်ထို၌ကျင်းပ

ကျိုက်ထို ဇွန် ၁

ကျိုက်ထိုမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ ကျင်းပသော ပညာပေးဟောပြောပွဲနှင့် စာဖတ်ဝိုင်းကို မေ ၁၇ ရက် နံနက် ၁၁ နာရီက ဖက္ကလိပ်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်ခင်မြင့်က အမျိုးသမီးရေးရာအဖွဲ့၏ ရည်ရွယ်ချက်၊ ဖွဲ့စည်းပုံနှင့် လုပ်ငန်းစဉ်များကိုလည်းကောင်း၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ အမှုဆောင် ဥပဒေအရာရှိ ဒေါ်သန်းသန်းအုန်းက ဥပဒေအကြောင်းကို လည်းကောင်း **(အောက်ယာပုံ)**၊ မြို့နယ် အမျိုးသမီးရေးရာ အမှုဆောင် ဒေါက်တာခင်နှင်းသစ်က သွေးလွန်တုပ်ကွေးရောဂါအကြောင်းကို လည်းကောင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း တွဲဖက်အတွင်းရေးမှူး ဒေါ်သန်းဌေးက မိခင်မှကလေးသို့ အိတ်ချ်အိုင်ဗွီရောဂါပိုးကူးစက်မှု တားဆီးရေးကိုလည်းကောင်း၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် ဒေါ်မိသူက ကိုယ်ဝန်ဆောင် စောင့်ရှောက်ခြင်းကို လည်းကောင်း ရှင်းလင်းဆွေးနွေး ဟောပြောကြသည်။

ဆက်လက်၍ ဖက္ကလိပ်ကျေးရွာ အလင်းရောင် စာကြည့်တိုက်တွင် စာဖတ်ဝိုင်းဆွေးနွေးပွဲကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အမှုဆောင် ဒေါ်နွယ်နီဝင်းက မြန်မာ့အလင်းသတင်းစာပါ ဆင်ဖြူကျွန်း(မြင့်သိန်း)၏ ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့ ဆောင်းပါးကိုလည်းကောင်း၊ အမျိုးသမီးရေးရာအဖွဲ့ အမှုဆောင် ဒေါ်တင်တင်မြင့်က မြန်မာ့အလင်းသတင်းစာပါ မြဖူး (ပြန်/ဆက်)၏ စာဖတ်ခြင်းအလေ့အထ တိုးပွားမြှင့်တင်ကြပါစို့ ဆောင်းပါးကိုလည်းကောင်း၊ မြို့နယ်မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းဝင် ဒေါ်မိသူက မြန်မာ့အလင်းသတင်းစာပါ ပါမောက္ခ ဒေါ်ခင်မေစန်း၏ အမျိုးသမီးများနှင့် နှလုံးရောဂါအကြောင်းကိုလည်းကောင်းဖတ်ကြားဆွေးနွေးခဲ့ကြသည်။

(မြို့နယ်ပြန်/ဆက်)

ဇီဝလောင်စာဆီ ထုတ်ယူအသုံးပြုပုံ ပညာပေးဟောပြောပွဲ မုံရွာ၌ကျင်းပ

မုံရွာ ဇွန် ၁

ခြံစည်းရိုးကြက်ဆူပင်၏သဘာဝနှင့် ဇီဝလောင်စာဆီ ထုတ်ယူအသုံးပြုပုံအကြောင်း ပညာပေးဟောပြောပွဲ အခမ်းအနားကို မေ ၁၀ ရက်က စစ်ကိုင်းတိုင်းသစ်တောဦးစီးဌာနရုံးခန်းမ၌ကျင်းပသည်။ ရှေးဦးစွာ စစ်ကိုင်းတိုင်း သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးဦးရဲတင့်က အဖွင့်အမှာစကား ပြောကြားပြီး သုတေသီ ဗိုလ်မှူးတင်အုန်း(ငြိမ်း)က ကြက်ဆူပင်၏သဘာဝ အနေအထားနှင့် ဇီဝဓာတ်ငွေ့လောင်စာဆီ ရရှိရေးကြိုးစားဆောင်ရွက်မှု အကြောင်းကိုလည်းကောင်း၊ ရပ်ရှင်ဒါရိုက်တာဇွန်မောင်မောင်က ကြက်ဆူပင် ဖြစ်ထွန်းမှုအကြောင်းနှင့် ဇီဝဓာတ်ငွေ့အစားထိုးလောင်စာဆီ အသုံးဝင်ပုံ အကြောင်းကို လည်းကောင်း၊ စာရေးဆရာ အယ်ဒီတာမောင်လွမ်းနွယ် (အောင်လံ)က လူသားစွမ်းအင်လူ့အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုနှင့် အထူးအောင်မြင်နေသော ကြက်ဆူပင်အကြောင်းကိုလည်းကောင်း ပညာပေးဟောပြောကြပြီး တက်ရောက်လာကြသော ဝန်ထမ်းများ၏ သိရှိလိုသည့် မေးမြန်းချက်များကို ပြန်လည်ဖြေကြားကြသည်။ (ခရိုင် ပြန်/ဆက်)

မန္တလေးတိုင်း ကျန်းမာရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၅/၂၀၀၇)နှင့် အေအိုင်ဒီအက်စ်၊ တီဘီ၊ ...

မဇ္ဈိမဒေသရှိ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် ဆောက်လုပ်နေဆဲဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်မြန်မာရဟန်းတော်များ၏ အဖွဲ့ပိုင်သုံးထပ်ကျောင်းတော်ကြီး (ဗုဒ္ဓဘာသာပညာရေးဗိမာန်တော်ကြီး)အတွက် ကတုံးပေါ်(အထက်)ကျေးရွာ ကျန်းမာရေးဌာနမှ ကျန်းမာရေးမှူး ဒေါ်တင်တင်ဝင်း မိသားစုက ကျောင်းအလှူငွေ ကျပ်တစ်သိန်းကို လှူဒါန်းရာ ကျောင်းဖြစ်မြောက်ရေးအကျိုးဆောင် ဆရာတော်အရှင်ဂန္ဓသာရ (မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ) မဟာသိမ်တော်ကြီးက ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။ (က–ပ)

မူလတန်းပြ ဆရာများ နည်းပြသင်တန်းဆင်း

ကျောက်ပန်းတောင်း ဇွန် ၁

ပညာရေးဝန်ကြီးဌာန ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန မူလတန်းပြဆရာများ မြို့နယ်အဆင့် နည်းပြသင်တန်းဆင်းပွဲ အခမ်းအနားကို မေ၁၇ရက် နံနက်၉နာရီက ကျောက်ပန်းတောင်းမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် သင်တန်းသားဆရာ၊ ဆရာမများက မြန်မာ့ကျောင်းသားသီချင်းဖြင့်ဖွင့်လှစ်ပြီး မြို့နယ်ပညာရေးမှူးဒေါ်အကြူက သင်တန်းဆင်း အမှာစကားပြောကြားသည်။

ဆက်လက်၍ သင်တန်းတွင် ထူးချွန်သူများကို မြို့နယ်ပညာရေးမှူးက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ရန်ကုန်တိုင်း အင်းစိန် မြို့နယ် အင်းစိန်ဘူတာရုံလမ်း အမှတ် (၁၆) နေ ဦးဟန်ထွန်း–ဒေါ်ရှိန်းရှိန်းမိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်း ဆရာတော်ကြီး၏ တိပိဋက တိုးရချဲ့ ခြောက်ထပ်ကျောင်းတော် ကြီး အ တွက် အလှူငွေကျပ်ငါးသိန်းကို တိပိဋကဓရ ဆရာတော် ဘဒ္ဒန္တ ဣန္ဒာစရိယထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) လက်ထောက်အုပ်ချုပ်ရေးမှူး ဦးထိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

မိတ္ထီလာမြို့၌ ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ
ပုံနှိပ်စာအုပ်နှင့် အလှူငွေများ ပေးအပ်လှူဒါန်း

မိတ္ထီလာ ဇွန် ၂

မန္တလေးတိုင်း မိတ္ထီလာမြို့ ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၈ရက် နံနက် ၉နာရီခွဲက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သန်း၊ မြို့နယ်ပညာရေးမှူးဦးထွန်းရီတို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်သန်းက ပညာရေးဌာနမှ အခမဲ့ဖြန့်ဝေသည့် သူငယ်တန်းပုံနှိပ်စာအုပ်အစုံ ၄၄၀၀ကိုလည်းကောင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ပညာသင်စရိတ်ထောက်ပံ့ငွေကျပ် ၁၄၅၀၀၀၀ကို ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချိုချိုသိန်းကလည်းကောင်း၊ မိတ္ထီလာတက္ကသိုလ် ပါမောက္ခချုပ်ဦးလှသိန်းက ငွေကျပ် နှစ်သိန်း၊ စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ်ဒေါက်တာဦးစန်းလွင်ကငွေကျပ်ခြောက်သောင်း၊ ပညာရေးကောလိပ် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မြသက်က ငွေကျပ် တစ်သိန်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဖြူဖြူခင်က ငွေကျပ် ငါးသောင်း၊မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးမြင့်အောင်က ငွေကျပ် နှစ်သောင်း၊ ကွန်ပျူတာကောလိပ် ကျောင်းအုပ်ဆရာမကြီး ဒေါက်တာဒေါ်ခင်မိုးမိုးထွန်းက ငွေကျပ်တစ်သောင်းကို ပေးအပ်လှူဒါန်းကြရာ မြို့နယ်ပညာရေးမှူးဦးထွန်းရီက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ ထို့နောက် မြို့နယ်ပညာရေးမှူးဦးထွန်းရီက မူလတန်းကျောင်းသား ကျောင်းသူများအား မူလတန်းပုံနှိပ်စာအုပ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ပြည်သူလူထုအခြေပြု ရောဂါကာကွယ်ရေးနှင့် ပြုစုစောင့်ရှောက်ရေးလုပ်ငန်း အသိပေးဆွေးနွေး

မန္တလေး မေ ၃၀

မန္တလေးတိုင်း ကျန်းမာရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၅/၂၀၀၇)နှင့် အေအိုင်ဒီအက်စ်၊ တီဘီ၊ အခြားနာတာရှည် ရောဂါဝေဒနာရှင်များ မိသားစုများအတွက် လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မည့် ပြည်သူလူထုအခြေပြု ရောဂါကာကွယ်ရေးနှင့် ပြုစုစောင့်ရှောက်ရေးလုပ်ငန်း အသိပေးဆွေးနွေးပွဲကို မေ ၂၅ရက် မွန်းလွဲ ၂နာရီက မန္တလေးတိုင်း ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မန္တလေးတိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းနှင့်အဖွဲ့ဝင်များ၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးခင်မောင်သန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မောင်ထွန်းနှင့် အထူးကုဆရာဝန်ကြီးများ၊ ဆေးရုံအုပ်ကြီးများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

အမှာစကား

အခမ်းအနားတွင် မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်း **(ယာပုံ)**နှင့် တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်သန်းတို့က အမှာစကားများ ပြောကြားကြသည်။

ရှင်းလင်း

ထို့နောက် မန္တလေးတိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မောင်ထွန်းက (၄/၂၀၀၇)လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်များ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုနှင့် ရှေ့လုပ်ငန်းစဉ်များ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကျန်းမာရေးဦးစီးဌာန ခုခံအားကျဆင်းမှုကူးစက်ရောဂါနှင့်ကာလသားရောဂါတိုက်ဖျက်ရေး စီမံချက်မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာထင်အောင်က အေအိုင်ဒီအက်စ်၊ တီဘီ၊ အခြားနာတာရှည်ရောဂါဝေဒနာရှင်များနှင့် မိသားစုများအတွက် လူမှုရေးအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်မည့် ပြည်သူလူထုအခြေပြု ရောဂါကာကွယ်ရေးနှင့် ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများကို လည်းကောင်း၊ ဒုတိယတိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဒေါ်ယဉ်သန္တာလွင်က ကျောင်းကျန်းမာရေး လုပ်ငန်းစဉ်များကို လည်းကောင်း၊

အောင်မြေသာစံမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မာဆောင်း၊ ဗဟိုအမျိုးသမီးဆေးရုံအုပ်ကြီး ဒေါက်တာသောင်းတင်ထွန်းတို့က သားဖွားခန်း အခြေအနေများကို လည်းကောင်း အသီးသီး ဆွေးနွေးတင်ပြကြောင်း သိရသည်။ **(သတင်းစဉ်)**

မြို့နယ် သတင်းများ

မိုးဆန်းပန်း စာကြည့်တိုက်၌ စာအုပ်နှင့်အလှူငွေပေးအပ်

ဂန့်ဂေါ ဇွန် ၂

ဂန့်ဂေါခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ထီးလင်းမြို့နယ် ဆေးမင်းတောရွာ မိုးဆန်းပန်း စာကြည့်တိုက်၌ စာအုပ်နှင့် အလှူငွေပေးအပ်လှူဒါန်းပွဲကို မေ ၂၃ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးမြို့ကံသာကျောင်းတိုက်မှ ဘဒ္ဒန္တပညာဒီပက စာအုပ်မျိုးစုံ အုပ်၇၀ ကိုလည်းကောင်း၊ ဆေးမင်းတောရွာ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းကငွေကျပ်တစ်သောင်း၊အမျိုးသမီးရေးရာအဖွဲ့က ငွေကျပ်တစ်သောင်း၊ မြစ်သာတမံစီမံကိန်းမှ ဦးဟန်စိန်ကငွေကျပ်ငါးထောင်၊ ဆေးမင်းတော ရဲတပ်ဖွဲ့စခန်းမှ ဒုရဲအုပ်ဝင်းမင်းက ငွေကျပ်ငါးထောင်၊ မင်းရွာရဲတပ်ဖွဲ့စခန်းမှ ဦးဝင်းမြင့်က ငွေကျပ်ငါးထောင်တို့ကို လည်းကောင်း၊ မိုးဆန်းပန်းစာကြည့်တိုက် ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်အောင်ထံသို့ပေးအပ်လှူဒါန်းကြသည်။ (၂၇၃)

အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်းဖွင့်

ဟိုပန် ဇွန် ၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) ဟိုပန်မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကကြီးမှူး၍ အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်း (ရက်တို) ဖွင့်ပွဲကို မေ ၁၉ ရက်နံနက် ၉နာရီက အထကစာသင်ခန်းမတွင် ကျင်းပသည်။

ပြောကြား

သင်တန်းဖွင့်ပွဲတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ထွေးနှင့် မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူးဦးစိုင်းခမ်းတို့က အမှာစကားပြောကြားကြသည်။

သင်ကြားပို့ချ

သင်တန်းတွင် မြို့နယ် အလုပ်အမှုဆောင် ဒေါ်နန်းခမ်းပန်နှင့် မြို့နယ်သာသနာထွန်းကားပြန့်ပွားရေး ဦးစီးဌာန ဦးစီးအရာရှိဦးကျော်မျိုးအောင်တို့ က အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာအပြင်အခြေခံရေးဦးသူနာပြုစုခြင်း ပညာရပ်များကို သင်ကြားပို့ချပေးသည်။

တက်ရောက်

အဆိုပါ သင်တန်း သို့ သင်တန်းသူ၊ သင်တန်းသား၅၂ဦးတို့တက်ရောက်ပြီး သင်တန်းကာလမှာ ၁၀ရက် ကြာမြင့်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မိုးညှင်းခရိုင် မိုးညှင်း မြို့နယ် စည်ပင်သာယာရေး အဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း မေ၂၂ ရက်က ဒုတိယဦးစီးမှူးဦးတင်ကိုလွင် ခေါင်းဆောင်သော ဈေးဝန်ထမ်းများဖြင့် အလေး ချိန်ခွင်များ မှန်ကန်မှု ရှိ မရှိ ကွင်းဆင်းစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးလှမျိုး မေ ၁၂ ရက်က လားရှိုးတက္ကသိုလ် ရှေ့မျက်နှာစာ မြေခင်းအလှပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်မှုကို ကွင်းဆင်းကြည့်ရှု စစ်ဆေးရာ လားရှိုးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းဟန်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

FATHER LAND Construction

✪ အမှတ် (၄၅၈)၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့ (15'x60') အကျယ်အဝန်းရှိတိုက်ခန်းများနှင့် အမှတ် (၅၂)၊ ၈၇ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့ (15'x60') အကျယ်အဝန်းရှိ တိုက်ခန်းများအား အထူးလျှော့ဈေးဖြင့် ရောင်းချပေးနေပါသည်။

Decoration လုပ်ငန်းများကိုလည်း ချိုသာသောဈေးနှုန်း၊ ကောင်းမွန်သောအရည်အသွေး၊ ပြည့်ဝသောဝန်ဆောင်မှုများနှင့် လူကြီးမင်းတို့ စိတ်တိုင်းကျဖြစ်အောင် အောက်ပါအတိုင်း ဆောင်ရွက်ပေးနေပါသည် . . .
●စက်ရုံ၊ ဟိုတယ်၊ အထပ်မြင့်၊ အထပ်နိမ့်အဆောက်အအုံနှင့် လုံးချင်းတိုက်များကို (PAE စနစ်) ဖြင့် အဆင့်မြင့်ဆောက်လုပ်ခြင်း၊ ●မှန်ကြည်များကို မှန်နောက်အစား ဒီဇိုင်းမျိုးစုံ မှန်ကပ်စတေကာများဖြင့် အလှဆင်ပေးခြင်း၊ ●အဆောက်အအုံအတွင်းနှင့်အပြင်ပိုင်းနေရာများတွင် အလှမိနိုယမ်၊ မှန်၊ စတီးလ်ဖြင့် အလှဆင်ပေးခြင်း၊ ●Wall Paper (Wall Covering) များအား နံရံနှင့် မျက်နှာကြက်များကို (၃) နှစ် အာမခံဖြင့် အလှဆင်ပေးခြင်း၊ ●နံရံနှင့်မျက်နှာကြက်များကို ဂျပ်ဆင်ဘုတ်၊ ပလာစတာဘုတ်၊ ပလာစတာကောနစ်များဖြင့် အလှဆင်ပေးခြင်း၊ ●မြေစည်းရိုးကာရံခြင်း၊ ●ဆေးသုတ်ခြင်း၊ ●သံပန်း၊ သံတံခါး ပြုလုပ်တပ်ဆင်ပေးခြင်း၊ ●ကိုရီးယားပါကေး၊ ကျွန်းပါကေးခင်းခြင်း၊ ●ကြွေပြားခင်း/ကပ်ခြင်း၊ ●ရေပိုက်လိုင်းနှင့် မီးလိုင်းများ သွယ်တန်းတပ်ဆင်ပေးခြင်း။ **3% to 15% off**

- ရန်ကုန်ရုံးချုပ် - အမှတ် (၈၄)၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ : 09-5131071, 09-5142097 ☎: 01-394152, 394177, 382436
- မန္တလေးရုံးခွဲ - အမှတ် (၃၃)၊ ၇၈ လမ်း၊ (၃၄X၃၅) လမ်းကြား (ရတနာပုံဈေးအနီး)၊ မန္တလေးမြို့။ ☎: 02-33488
  အမှတ် (၆၈/B)၊ ၇၈ လမ်း၊ (၃၄X၃၅) လမ်းကြား (ရတနာပုံဈေးအနီး)၊ မန္တလေးမြို့။ : 09-5153373
- ပျဉ်းမနားရုံးခွဲ - အမှတ် (၁၀/၇)၊ ဗိုလ်ချုပ်လမ်း၊ (ငွေဆောင်ရုပ်ရှင်ရုံဘေးကပ်လျက်)၊ ရွှေချီရပ်ကွက်၊ ပျဉ်းမနားမြို့။ ☎: 067-22906

Open Daily 8:00 AM To 6:00 PM

'ဘို' မိတ္တူ
Ph : 512443
A_3, A_2, A_1, A_0
ကူးသည်

K.I.S ကားငှားလုပ်ငန်း
ကားမျိုးစုံငှားရန်ရှိသည်။
ယာဉ်ပိုင်ရှင်များ ဆက်သွယ်ပါ။
ဖုန်း–၂၉၃၂၉၄၊ ၀၉–၅၁–၃၄၇၇၈၊ ၀၉–၅၀၀–၂၄၄၀။

အမည်ပြောင်း
ညောင်လေးပင်မြို့ အထက(၁) တက္ကသိုလ်ဝင်တန်း (A)မှ မောင်ဉာဏ်မျိုးဟိန်းအား ယနေ့မှစ၍ မောင်စွမ်းထက်နိုင်ဟု ပြောင်းလဲ ခေါ်ပါရန်။ **မောင်စွမ်းထက်နိုင်။**

စက်ရုံငှားမည်။ 221184 211642
လှိုင်သာယာစက်မှုဇုန်၊မြေ(၁.၅)ဧက
(၈၀×၁၈၀)နှစ်ထပ်နှင့်(၇၀×၁၀၀)
တစ်ထပ်စက်ရုံ၊315 KVA,Ph

ဖခင်အမည်မှန်
မကွေးမြို့ အထက(၃)တက္ကသိုလ်ဝင်တန်း (B)တွင် ပညာသင်ကြားနေသော မောင်ဆန်းလင်းအောင်၏ ဖခင် ဦးဌေး၏အမည်မှန်မှာ ဦးမြင့်ဌေးဦးဖြစ်ပါကြောင်း။ **ဦးမြင့်ဌေးဦး ၈/မကန(နိုင်)၁၆၉၆၇၃။**

အမည်ပြောင်း
အဖဦးဟန်သိန်း၏သမီးဖြစ်သူ ကျိုက်လတ်မြို့ အထက(၁)နဝမတန်း(D)မှမဝင်းသူဇာအား မကျော့ကေခိုင်ဟု ပြောင်းလဲခေါ်ပါရန်။ **မကျော့ကေခိုင်။**

အိမ်နှင့်ခြံရောင်းမည်
(၉)မိုင် ၊ ဝိဇ္ဇာလမ်း မြေပေ (70x140)ပေါ် RC တစ်ထပ်တိုက်၊ ဖုန်းပါ။ **ဆက်သွယ်ရန် ဖုန်း ၀၉–၅၁၅၄၂၂၄။**

ရောင်းရန်
စက္ကူဖြတ်စက် (40") ဆိုဒ် ရောင်းရန်ရှိသည်။ **ဆက်သွယ်ရန် ဖုန်း ၀၉–၅၁၄၂၂၆၅။**

အမည်ပြောင်း
အောင်သပြေတွဲဖက် အထက သတ္တမတန်း(က)မှ မောင်အောင်ပိုင်ဟိန်းအား ယနေ့မှစ၍ မောင်ထက်မင်းခန့်ဟုပြောင်းလဲခေါ်ပါရန်။ **မောင်ထက်မင်းခန့်။**

အမည်ပြောင်း
ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် ညောင်လေးပင်မြို့ မြို့မ (၂)ရပ်ကွက် ကြားတောရ ၁လမ်း၊ အိမ်နံပါတ် (၂၈) မှ မောင်ကောင်းမြတ်ဟိန်းအား ယနေ့မှစ၍ မောင်ကောင်းမြတ်ထက်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ကောင်းမြတ်ထက်။**

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ယ/၆၉၁၀၃ Honda C 90 Custom ယာဉ်လက်ဝယ်ရှိသူ ဦးကျော်စိုးလင်းဦး ၉/မနမ(နိုင်)၁၁၇၈၈၈၈ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့။

လူပျောက်ကြော်ငြာ



အမှတ် ၃၇၊ ၅လွှာ၊ ရတနာလမ်း ကျိုက္ကဆံရပ်ကွက် ဗဟန်းမြို့နယ်နေ ဦးအောင်နိုင်ဖြူ–ဒေါ်အေးအေးသန်းတို့၏ ညီမ မဟန်ရွှေ အသက် ၁၆နှစ်ခန့်သည် နေအိမ်မှ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပို့ပေးပါရန် ကျေးဇူးဆပ်ပါမည်။ လက်ခံထားသူအား ဥပဒေအရ အရေးယူဆောင်ရွက်ပါမည်။
ဦးအောင်နိုင်ဖြူ–ဒေါ်အေးအေးသန်း။

တာမွေ ကွန်ကရစ် အလှအုတ် ရချီ
မေတ္တာညွန့်
Ph 543604
ဓာတ်ဂိုဏ်လမ်း
09-51-88062
09-8034928

မြသက်ချယ် Travels
အိမ်၊ခြံ၊မြေ၊ကား ငှား/ရောင်း
မြို့တွင်း/ပြင်၊ကားလချုပ်ငှားသည်။
ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ
098034928,095188062

အထူးကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းခြင်း
တောင်ကြီးမြို့ ကံသာရပ်ကွက် ဟသ်ာလမ်း အမှတ် (၃၀)နေ ဒေါ်ဟလီမာဘီ ၁၃/တကန(နိုင်)၁၁၁၅၇၉က တောင်ကြီးမြို့ ညောင်ရွှေဟော်ကုန်းရပ်ကွက် ဥဩလမ်း အမှတ်(၃၇)နေဦးစန်းကွယ် ၁၃/ဟပန(နိုင်)၀၁၆၀၄၄ထံ ၄–၁၀–၂၀၀၆ ရက်စွဲပါ စာချုပ်အမှတ် ၂၅၂/ ၂၀၀၆အရ လွှဲအပ်ထားသော အထူးကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာအပ်ပါသည်။
ဒေါ်ဟလီမာဘီ ၁၃/တကန(နိုင်)၁၁၁၅၇၉။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၁ယ/၅၄၃၄၊ Honda C 90 Custom ယာဉ်လက်ဝယ်ရှိသူ ဦးစိုးနိုင် မှတ်ပုံတင်အမှတ်၉/မနမ(နိုင်)၀၈၆၀၇၃က ယာဉ်မှတ်ပုံတင် စာအုပ်(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
ကညန၊ခရိုင်ရုံး၊(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့။

အမည်ပြောင်း
အဖ ဦးသက်လွင်၏သား တောင်ငူမြို့ လေ့ကျင့်ရေး အလကကျောင်း ဆဋ္ဌမတန်းမှ မောင်ကျော်လင်းသန့်အား မောင်လင်းမြတ်ကိုဟုပြောင်းလဲခေါ်ပါရန်။ **မောင်လင်းမြတ်ကို။**

ကျေးဇူးဆပ်ပါမည်
ကျွန်တော် မောင်သက်ဇော်အောင်၏ နိုင်ငံကူးစာအုပ်အမှတ် ၅၉၃၅၀၂ သည်ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း–၅၄၄၇၅၉။**

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

၁။ **မန်နေဂျာ/လက်ထောက်မန်နေဂျာ** **ကျား/မ (၇)ဦး**
(စီမံရေးရာဌာန/အသေးစားငွေချေးဌာန/စာရင်းဌာန/စတိုးဌာန)
- B.Sc(Q)/ M.Sc/ B.Com/ D.A
- အသက်(၃၀)နှစ်မှ (၄၅)နှစ်အတွင်း
- စီမံအုပ်ချုပ်မှုနှင့် သက်ဆိုင်ရာလုပ်ငန်းအလိုက် အတွေ့အကြုံ(၃)နှစ်နှင့်အထက်ရှိရမည်။

၂။ **ဆိုင်တာဝန်ခံ** **ကျား/မ (၁၀)ဦး**
- B.Sc/ B.A(Eco) ဘွဲ့ရ ဖြစ်ရမည်။
- အသက် (၂၅)နှစ်မှ (၄၀)နှစ်အတွင်း
- စီမံအုပ်ချုပ်မှုအတွေ့အကြုံ(၂)နှစ်နှင့် အထက်ရှိရမည်။
- ဘဏ်လုပ်ငန်း၊ အသေးစားငွေချေးလုပ်ငန်း အတွေ့အကြုံရှိသူ ဦးစားပေးမည်။

၃။ **ရွှေရာဖြတ်** **ကျား/မ (၃)ဦး**
- အခြေခံပညာ အထက်တန်းအဆင့် သင်ယူပြီးမြောက်ထားသူ ဖြစ်ရမည်။
- အသက်(၃၀)နှစ်မှ (၆၀)နှစ်အတွင်း
- အသေးစားငွေချေးလုပ်ငန်း အတွေ့အကြုံရှိသူ ဦးစားပေးမည်။

စိတ်ပါဝင်စားသူများသည် ကိုယ်ရေးမှတ်တမ်းနှင့်အတူ ဓာတ်ပုံ(၂)ပုံ၊ ပညာအရည်အချင်း အထောက်အထားမိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ရပ်ကွက်ထောက်ခံစာမူရင်း၊ ရဲစခန်းထောက်ခံစာမူရင်းများ ပူးတွဲလျက် ဤကြော်ငြာပါသည့်ရက်မှစ၍ နှစ်ပတ်အတွင်း အောက်ပါလိပ်စာသို့ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

ရေစက်မိသားစုလုပ်ငန်း(လိုင်စင်ရပုဂ္ဂလိကငွေချေးလုပ်ငန်း)
အမှတ်(၇၄)၊ သုဓမ္မာလမ်းမကြီး၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊
ဖုန်း–၆၅၁၄၀၂၊ ၀၉–၅၁–၄၄၀၁၈။

ကျေးဇူးဆပ်ပါမည်
ကျွန်တော် စောရစ်၏နိုင်ငံကူးလက်မှတ်အမှတ် ၅၅၃၀၇၇ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း–၆၉၉၁၈၆။**

ဂက်စ်ကားရောင်းမည် (ဒေါ့ဂျစ်ရှည်)
ဆေး၊ ဘော်ဒီ၊ အင်ဂျင်ကောင်း၊ အခွန်ကျေ၊ ဂက်စ်ဖိုးကျေပြီး 40L
ဖုန်း–၅၂၅၆၀၇၊ ၇၂၈၆၃၉။

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ဥပဒေအမိန့်–၅၊ နည်း–၂၀)
ရန်ကုန်တိုင်းတရားရုံး
၂၀၀၆ခုနှစ် တရားမကြီးမှုအမှတ်–၁၄၃၁

ဒေါ်နန်းသန်းသန်းမြင့် **နှင့်** ဒေါ်စန္ဒီမာ
တရားလို **တရားပြိုင်**

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် သံတံတားရပ်ကွက် သံတံတားလမ်း အမှတ်–၇၆တွင် နေထိုင်ခဲ့ဖူးသူ(ယခုနေရပ်လိပ်စာမသိ) ဒေါ်စန္ဒီမာ သိစေရမည်။
သင့်အပေါ်၌ ဒေါ်နန်းသန်းသန်းမြင့်က (၂–၆–၂၀၀၆)ရက်စွဲပါ တိုက်ခန်းအပျောက် အရောင်းအဝယ် နှစ်ဦးသဘောတူ ကတိစာချုပ်ဖြင့် လက်ရောက်ဝယ်ယူသူ ရရှိထားသော တိုက်ခန်းအား ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု စွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၀၇ခုနှစ် ဇွန် ၁၈ရက် နံနက် ၉:၃၀နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။
၂၀၀၇ခုနှစ် မေ ၂၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ခင်ဆွေရီ
တွဲဖက်တိုင်းတရားသူကြီး(၁)
ရန်ကုန်တိုင်းတရားရုံး။

ကန့်ကွက်နိုင်ပါသည်
ယာဉ်အမှတ် ကတ/၁၀၄၉၉ (HONDA DREAM C 100MN) ၏ပိုင်ရှင် ဦးစိုင်းအောင်သိန်း ၁၃/မပတ (နိုင်) ၀၂၂၉၈၆နှင့် ယာဉ်အမှတ် ၁ယ/၁၃၇၉၀(HONDA DREAM C 100MN)၏ ပိုင်ရှင် ဦးရှိုးမွန် ၁၃/ကတန(နိုင်) ၀၈၈၂၆၁ တို့က (ကမ–၃) မိတ္တူလျှောက်ထားလာပါသဖြင့်ကန့်ကွက်လိုပါက ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊(ပြည်နယ်ရုံး) ကျိုင်းတုံမြို့။**

အမွေပြတ်စွန့်လွှတ်ခြင်း
မိုင်းဖြတ်မြို့ ဝမ်ပေ့ရပ်ကွက်နေ ဒေါ်မီချူး အမ်ပီကေ–၀၁၈၉၆၉၏သားဖြစ်သူ ဦးအားတီးနှင့် ချွေးမဖြစ်သူ ဒေါ်သန်းသန်းဌေးတို့သည် မိခင်အားစိတ်ဆင်းရဲအောင် ပြုလုပ်သောကြောင့် ယနေ့မှစ၍ သားနှင့်ချွေးမအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ **ဒေါ်မီချူး။**

အများသိစေရန် ကြော်ငြာချက်
ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ကျွန်းတောမြောက်ရပ်ကွက် ငှက်ပျောတောလမ်း အမှတ်(၁)နေ ဒေါ်မေသင်းခိုင်(ခ)မေတင်ခိုင် ၁၄/လပတ(နိုင်) ၀၆၆၈၄၆နှင့် ဦးမြင့်သိန်း(ခ)ဦးမြင့်ထူး တို့သည် ၁၉၉၆ ခုနှစ်မှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့ပြီး သမီးတစ်ဦး ထွန်းကားခဲ့ပါသည်။ ဦးမြင့်သိန်းသည် လင့်ဝတ္တရား ငါးပါးနှင့်အညီ ဇနီးဖြစ်သူအပေါ် တာဝန်ကျေပွန်ခဲ့သော်လည်း ဒေါ်မေသင်းခိုင်သည် စတင် ပေါင်းသင်းချိန်မှစ၍ ဦးမြင့်သိန်းအပေါ်တွင် ကိုယ်စိတ်နှစ်ပါး ဆင်းရဲအောင် နေ့စဉ်နှင့်အမျှ ပြုမူလုပ်ကိုင်ပြောဆိုနေထိုင်ခဲ့ပါသည်။ ထို့ကြောင့် ဤကြော်ငြာသည့် ရက်မှစ၍ ဦးမြင့်သိန်းနှင့် ဒေါ်မေသင်းခိုင်တို့သည် တစ်ဦးနှင့်တစ်ဦး လုံးဝပတ်သက် သက်ဆိုင်ခြင်းမရှိတော့ဘဲ လင်ခန်းမယားခန်း ပြတ်စဲပြီးဖြစ်ကြောင်း ကြေညာအပ်ပါသည်။
ဦးမြင့်သိန်း(ခ)ဦးမြင့်ထူး၏ လွှဲအပ်ညွှန်ကြားချက်အရ–
ဦးသိန်းဇော်ဦး (LL.B)
အထက်တန်းရှေ့နေ
စ/၆၂၁၊ သန္တာ ၄ လမ်း၊ မြောက်ဥက္ကလာပမြို့။

သီပေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပြီးစီးခဲ့သော နှင်းဆီလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းကို ရှမ်းပြည်နယ်(မြောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုး ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန့်ဇင်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဇွန် ၃ရက်က ထားဝယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ထားဝယ်မြို့ ဥသရံတံတားတည်ဆောက်ရန် ပိုင်ရိုက်မှုကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးညွန့်လှိုင်တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ဖြူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဦးစီးအရာရှိ ဦးအောင်သန်းနှင့် ဈေးတာဝန်ခံ ဦးထိန်လင်းတို့ ဦးဆောင်၍ အဖွဲ့ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဈေးသူဈေးသားများ စုပေါင်း၍ မေ ၁၃ရက်က ကညွတ်ကွင်းဈေးကြီးအတွင်း သန့်ရှင်းရေးနှင့်ရေမြောင်းတူးဖော်ခြင်းတို့ကို ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာသော အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များအား ကြိုဆိုနှုတ်ဆက်

နေပြည်တော် ဇွန် ၁၀

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ယနေ့မွန်းလွဲ ၁ နာရီ၃၅ မိနစ်တွင် တရုတ်အမျိုးသား ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များအား နေပြည်တော် လေဆိပ်၌ ကြိုဆိုနှုတ်ဆက်သည်။

ကြိုဆို

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) *စာမျက်နှာ ၉ ကော်လံ ၅* ■

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။
(သတင်းစဉ်)

မြန်မာအစိုးရ၏ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှု အားပေးထောက်ခံ တစ်နိုင်ငံ၏ပြည်တွင်းရေး အခြားတစ်နိုင်ငံက စွက်ဖက်သည့်လုပ်ရပ်မှန်သမျှ အမြဲဆန့်ကျင်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌ မစ္စတာဝူဘန်ကို

အမျိုးသားညီလာခံကျင်းပပြီး အခြေခံမူများချမှတ်သည့်လုပ်ငန်းစဉ် ပြီးစီးတော့မည် အခြေခံမူများရရှိပါက ကျန်ရှိနေသည့်ရှေ့လုပ်ငန်းစဉ်များ ဆောင်ရွက်သွားမည်ဖြစ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်

နေပြည်တော် ဇွန် ၁၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက်(NPC) အမြဲတမ်းကော်မတီဥက္ကဋ္ဌ မစ္စတာဝူဘန်ကိုအား ဇွန် ၆ ရက် ညနေ ၅ နာရီတွင် ပေကျင်းမြို့ ပြည်သူ့ ခန်းမဆောင်ကြီး ပထမထပ်ရှိ ဧည့်ခန်းမသို့ သွားရောက် တွေ့ဆုံနှုတ်ဆက်သည်။

တွေ့ဆုံနှုတ်ဆက်

ထိုသို့တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ရှေ့နေချုပ်ဦးအေးမောင်၊ ဒုတိယတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဦးသိန်းလွင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ ✻

မြန်မာ့အလင်း **ဆောင်းပါးအညွှန်း**

ဒီကနေ့ နိုင်ငံတော်ကို တည်ငြိမ် အေးချမ်းလာအောင် အခက်အခဲပေါင်း များစွာနဲ့ ကြိုးပမ်းလာခဲ့တဲ့ တပ်မတော် အစိုးရဟာနိုင်ငံတော်တည်ငြိမ်မှု ပျက်ပြားအောင်၊ ဒီမိုကရေစီ အသွင် ကူးပြောင်းရေးကို ပျက် ပြားအောင် လုပ်ဆောင်လာရင် ဘယ်သူ့ကိုမှုဘယ်လိုမှလက်ပိုက် ကြည့်နေမှာမဟုတ်ပါဘူး။ ဒါဟာ တစ်မျိုးသားလုံးအရေးနဲ့ တစ်မျိုး သားလုံး အကျိုးစီးပွားဖြစ်လို့ ပါပဲ။

အောင်မိုးစံ၏ ဆောင်းပါး (စာ-၄)